ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (5-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၉)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆိုင်ကယ်ကူးကြိုးတံတားတည်ဆောက်ပေးနိုင်ရေး၊ အင်းတော်ကြီးအိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရေး၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ အင်္ဂါးမြေဂရန်အမြန်ရရှိရေး၊ ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို


စာမျက်နှာ ၁၈ ကော်လံ ၁

ရတနာပုံ ယနေ့ဖတ်စရာ

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ် စာမျက်နှာ - ၁၈

ဝါအထွက်နှုန်းကောင်းမွန်ဖို့ ကိုင်းဖြတ်နည်းစနစ်ဖြင့် စိုက်ပျိုးစို့ ဆောင်းပါး စာမျက်နှာ - ၂၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Saleumxay Kommasith အား ဗီယန်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၁၇ ကော်လံ ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Saleumxay Kommasith အား ဂါရဝပြုတွေ့ဆုံစဉ်။

ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများ တစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် နိုဝင်ဘာ ၅ ရက် (ယနေ့)တွင် ၃၃ ကေဗွီဓာတ်အားခွဲရုံ အမှတ်(၄)ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် စည်ပင်ဧည့်ရိပ်သာ (၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဂုံမင်းအင်းကျေးရွာ၊ ရှားတောကျေးရွာ၊ အလျင်လိုကျေးရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဇရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် အကြိမ် ၁၅၀ မြောက်နှင့် အတွဲ ၃၀၀ ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၄

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များ၊ ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သောနေရာများတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်၁၀၀၀)၌ အကြိမ် ၁၅၀ မြောက်နှင့် အတွဲ ၃၀၀ ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း

စာမျက်နှာ ၂၂ ကော်လံ ၄ ✱



နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် အကြိမ် ၁၅၀ မြောက်နှင့် အတွဲ ၃၀၀ ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်စဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို ကဏ္ဍအလိုက်ကြိုတင်ပြင်ဆင်ခြင်းဖြင့်ကျော်လွှား

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်ထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သဖြင့် ကဏ္ဍအလိုက်ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမှမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။


အဆိုပါ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလွှုပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုကြောင့် မသန့်ရှင်းသောရေများ သောက်သုံးမိရာမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့် အပူရှိန်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ အပူဒဏ်လွန်ကဲခြင်းကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းများ ဖြစ်ပွားနိုင်သဖြင့် အပူရှိန်ကာကွယ်ရန် ရေများများသောက်ရမည်ဖြစ်သည်။ ထို့ပြင် နေ့လယ်နေ့ခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသောနေရာများတွင် နားနေပြီး နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ် စသည့်အကာအကွယ်များ ယူဆောင်ကြရမည်ဖြစ်သည်။

၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီထိ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နေမည်ဖြစ်သဖြင့် ထိုကာလတွင် သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်းနှင့် ပန်းကန်ဆေးကြောခြင်းတို့ ပြုလုပ်နေစဉ် ရေပိုက်ခေါင်းကို အမြဲဖွင့်ထားခြင်းမျိုးမပြုလုပ်ဘဲ လိုအပ်သည့်အချိန်မှသာ ဖွင့်သုံးခြင်း၊ ရေချိုးရာတွင် အချိန်ကြာမြင့်စွာ ရေသုံးစွဲခြင်းကို ရှောင်ကြဉ်ခြင်း၊ အဝတ်အထည်များကိုအနည်းငယ်စီခွဲ၍ မကြာခဏ လျှော်ခြင်းထက် စုပေါင်းလျှော်ဖွပ်ခြင်း၊ အဝတ်လျှော်စက်နှင့် ပန်းကန်ဆေးစက်များ အသုံးပြုရာတွင်လည်း စက်၏သတ်မှတ်ပမာဏနှင့်အညီ လုံလောက်စွာစုစည်းပြီးမှ အသုံးပြုခြင်းတို့ဖြင့် ရေသုံးစွဲမှုကို လျှော့ချနိုင်သည့်အပြင် အချိန်နှင့် လျှပ်စစ်စွမ်းအင်ကိုလည်း ချွေတာရာရောက်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို တစ်ဦးတစ်ယောက်တည်း၏ ကြိုးပမ်းမှုဖြင့် ရင်ဆိုင်ကျော်ဖြတ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ပြည်သူအားလုံးတို့က ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြခြင်းဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို ကျော်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ဝက်လက် နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်းဧက ၆၃၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲလွမ်းစိုက်ခင်းများကို စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲလွမ်းဧက ၆၃၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲလွမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲလွမ်းကိုတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲလွမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

မော်လမြိုင်ကျွန်းမြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



မော်လမြိုင်ကျွန်း နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ငရုတ်သီးခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် အဆောက်တိုဘာလ စတုတ္ထပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက် ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ငရုတ်သီးခြောက်ကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဖက်ကုန်းကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

ရွှေတောင်မြို့နယ် စိုက်ပျိုးရေးရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ရွှေတောင် နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဇယ်မကျေးရွာအုပ်စု စိုက်ပျိုးရေးရွာသစ်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ရှီလာဝင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ 3HP ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင်ရေစင်တည် ဆောက်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၇၅၈ သန်း ဖြင့် Royal Lucky Paing Co.,Ltd က ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့ ကွေ့ကြီးကုန်းနေ ဦးသန်းထွဋ်-ဒေါ်စိုးမိုးအောင် မိသားစုက တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးထွန်းအောင်ကျော်တို့က လက်ခံရယူစဉ်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



စစ်ကိုင်း နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁,၂၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၁ ဒသမ ၄၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာ ၁၁,၂၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ကေ ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းတက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လှိုင်းတက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လှိုင်းတက်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့်အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင် ဦးရေ ၅၀ ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၃၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အောက်တိုဘာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ အဲဒီ သီးထပ်ရင်စပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အား တက်လာတာဖြစ်ပါတယ်။ လက်ရှိလထဲမှာလဲ ရန်ကုန်ဈေးကွက်က သီးထပ်ရင်စပါးတွေ ဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄,၉၀၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ တင်ပို့ရောင်းချအားကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



အမရပူရမြို့တည်နန်းတည်စာတမ်းများ

ပိုလ်ရှိတ်(ရတနာပူရ)

မြို့နန်းများ တည်ဆောက်နေထိုင်သော ယဉ်ကျေးမှုဓလေ့သည် ပျူမြို့ပြယဉ်ကျေးမှု စတင်ထွန်းကားခဲ့သော ပျူခေတ်ကာလကတည်းက ထွန်းကားခဲ့သည်ဟုဆိုနိုင်သည်။ ပျူမြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့်ကာလမှစ၍ မြို့တော်နန်းတော်များကို အစဉ်တစိုက် တည်ထောင်စိုးစံခဲ့ကြသည်ကို တွေ့ရသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်အဆက်ဆက်တို့တွင် မြို့တော်နန်းတော်များ တည်ဆောက်ခဲ့ကြသည်ကို တွေ့နိုင်သည်။

နန်းတော်သည် ရှင်ဘုရင်နေထိုင်ရာ သီးသန့်နေရာပင်ဖြစ်သည်။ သာမန်အရပ်သားများနှင့် မသက်ဆိုင်ပေ။ ရှင်ဘုရင်၏မိသားစုအသိုင်းအဝိုင်းသာ နေထိုင်သည့်နေရာဖြစ်သည်။ မြို့မှာ ရှင်ဘုရင်သာမက မှူးကြီး၊ မတ်ကြီး၊ သူဌေးသူကြွယ်မှစ၍ သာမန်ပြည်သူများထိ နေထိုင်ကြသည်။ သို့သော် ရှင်ဘုရင် နေထိုင်သည့်နန်းတော်ကိုကား သီးသန့်မြို့တစ်ထပ်ကာရံထားသည်။ ထို့ပြင် သစ်တပ်ပါ ကာရံထားသည့်ဓလေ့များရှိခဲ့သည်။ ထို့ကြောင့် မြို့တစ်မြို့တည်လျှင် မြို့ရိုးနှစ်ထပ်၊ သုံးထပ်စသည်ဖြင့် ရှိကြပေသည်။

မြို့တည်နန်းတည်စာတမ်းများ

ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သော မြို့တော်နန်းတော်များအကြောင်းကို စာပေမှတ်တမ်းများဖြင့်ရေးသား၍ မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရသည်။ ထိုကဲ့သို့ မြို့တော်နန်းတော်တည်သည့် အကြောင်းများ မှတ်တမ်းတင်ထားသည့်စာကို မြို့တည်နန်းတည်စာတမ်းများဟူ၍ ခေါ်ဆိုခဲ့ကြသည်။ မြို့တည်နန်းတည် စာတမ်းများကို ရေးကာ စာရေးကိရိယာများဖြစ်သည့် ပေ၊ ပုရပိုက်များပေါ်တွင် ရေးသားခဲ့ကြသည်။ သို့သော် ရှားရှားပါးပါး အနေဖြင့် ကျောက်စာရေးထိုးခဲ့သော နန်းတော်တည်စာတမ်းများလည်းရှိသည်။ ပုဂံခေတ်က ရေးထိုးခဲ့သော ကျန်စစ်သားမင်း ရွှေနန်းတည်ကျောက်စာနှင့် ပထမအင်းဝခေတ်တွင် ရေးထိုးခဲ့သော ရွှေနန်းကြော့ရှင်နရပတိ၏ ရွှေနန်းတော်တည်ကျောက်စာတို့လည်းရှိသည်။ ကျောက်စာဖြင့် ရေးထိုးခဲ့သော ရှားရှားပါးပါး ရွှေနန်းတည်ကျောက်စာများဟုဆိုနိုင်သည်။ ဘုရားတည်၊ ကျောင်းဆောက်ဘာသာရေးဆိုင်ရာ ကျောက်စာများ ရေးထိုးခဲ့သည့်ကြားတွင် ရွှေနန်းတည်ကျောက်စာနှစ်ချပ်ကို တွေ့ရခြင်းဖြစ်သည်။ ထို ကျောက်စာနှစ်ချပ်သည် ခေတ်ပြိုင်မှတ်တမ်းတစ်ခုအနေဖြင့် တန်ဖိုးရှိလှသည်။

မြို့တည်နန်းတည်စာတမ်းတို့၏ သဘောသဘာဝ

မြို့တည်နန်းတည်စာတမ်းများသည် မြို့နန်းတည်သည့်အကြောင်းအရာများကို ရေးသားမှတ်တမ်းတင်ထားသော ကျမ်းများပင်ဖြစ်သည်။ အုတ်များဖြင့် ကာရံထားသော အုတ်မြို့ရိုး၊ သစ်များဖြင့်ကာရံထားသော သစ်မြို့ရိုးများ တည်ဆောက်သည်ကို မြို့တည်သည်ဟု ခေါ်ဆိုကြပြီး ထိုအုတ်မြို့၊ သစ်မြို့အလယ် ရှင်ဘုရင်နေထိုင်ရန် နန်းတော်တည်ဆောက်သည်ကို နန်းတည်သည်ဟုခေါ်သည်။ မြို့ရော၊ နန်းရောတည်ထားသည့်အကြောင်းကို ရေးသားထားသည့်ကျမ်းဖြစ်လျှင် "မြို့တည်နန်းတည်စာတမ်း"ဟု အမည်ပေးကြသည်။ တချို့မင်းတို့လက်ထက်တွင် မြို့ကိုအသစ်မတည်ဘဲ နန်းတော်ဟောင်းနွမ်း၍ အသစ်ပြန်ဆောက်သည်များရှိသည်။ ထိုသို့ နန်းတော်တည်ဆောက်သည့် အကြောင်းကိုသာ ရေးသားထားလျှင် ထိုကျမ်းကို "ရွှေနန်းတည်စာတမ်း"ဟု ခွဲခြားခေါ်ကြသည်။

သို့ဖြစ်သောကြောင့် ကျမ်းအမည် "မြို့တည်နန်းတည်စာတမ်း"ဟုတွေ့လျှင် မြို့ရော၊ နန်းရောတည်သည့် အကြောင်းကို ရေးသားထားသောကျမ်းဟု မှတ်ယူနိုင်ပြီး "ရွှေနန်းတည်စာတမ်း"ဟုဆိုလျှင် နန်းတော်အသစ်တည်ဆောက်သည့် အကြောင်းသာဖြစ်သည်ဟု မှတ်ယူနိုင်ပေသည်။

မြို့တည်နန်းတည်စာတမ်းများသည် ရှေးခေတ်အုပ်ချုပ်ရေးနယ်ပယ်တွင် ရာထူးအကြီးဆုံးဖြစ်သည့် ရှင်ဘုရင်နေထိုင်ရာ မြို့နန်းတည်ဆောက်သည့် အကြောင်းကို မှတ်တမ်းတင်ထားသောကျမ်းဖြစ်သည်။ နိုင်ငံတော်၏ အရေးပါ အရာရောက်သော

❖ မြို့တည်နန်းတည်စာတမ်းများသည် မြို့နန်းတည်သည့် အကြောင်းအရာများကို ရေးသားမှတ်တမ်းတင်ထားသော ကျမ်းများပင်ဖြစ်သည်။ အုတ်များဖြင့်ကာရံထားသော အုတ်မြို့ရိုး၊ သစ်များဖြင့် ကာရံထားသောသစ်မြို့ရိုးများ တည်ဆောက်သည်ကို မြို့တည်သည်ဟုခေါ်ဆိုကြပြီး ထိုအုတ်မြို့၊ သစ်မြို့အလယ် ရှင်ဘုရင်နေထိုင်ရန် နန်းတော်တည်ဆောက်သည်ကို နန်းတည်သည်ဟုခေါ်သည်။ မြို့ရော၊ နန်းရောတည်ထားသည့်အကြောင်းကို ရေးသားထားသည့်ကျမ်းဖြစ်လျှင် "မြို့တည်နန်းတည်စာတမ်း"ဟုအမည်ပေးကြသည်။ ❖

မြို့တော်နန်းတော် တည်ဆောက်သည့်အကြောင်းကို မှတ်တမ်းတင်ခြင်းပင်ဖြစ်သည်။ မြို့တည်နန်းတည်စာတမ်းများတွင်

၁။ မြို့နန်းတည်ရာတွင် တာဝန်ယူရသည့် အကြီးအကဲ

၂။ မြို့နန်းတည်ရာတွင်ပါဝင်သည့် လူဦးရေ

၃။ ကုန်ကျငွေ

၄။ မြို့ရိုးအကွာအဝေးအတိုင်းအတာများ

၅။ နန်းတော်အကွာအဝေး၊ ပုံစံစနစ်များ

၆။ မြို့နန်းတည်ရာတွင်သုံးသည့် အုတ်၊ သစ်များ ထုတ်လုပ်ပုံ

၇။ မြို့နန်းတည်ရာတွင် ရိုးရာဓလေ့ ထုံးစံ ပြုလုပ်ပုံများ

၈။ မြို့နန်းတည်ရာတွင် ပါဝင်ရသည့် ဗိသုကာ ပညာရှင်တို့၏အမည်များ

စသည်ဖြင့်ပါရှိလေသည်။ ထို့ကြောင့် မြို့တည်နန်းတည်စာတမ်းများသည် ရှေးခေတ်မြို့နန်းတည်ဆောက်သည့်စနစ်များ၊ ဗိသုကာပညာရပ်များကို လေ့လာလိုသူများအတွက် တန်ဖိုးမဖြတ်နိုင်သော ကျမ်းများပင်ဖြစ်သည်။

အစောဆုံးမြို့တည်နန်းတည် စာတမ်းများ

မြို့နန်းတည်ဆောက်ခဲ့မှုများသည် ပျူခေတ်ကတည်းကပင် တည်ရှိခဲ့သည်။ ဘီစီနှစ်ရာစုတွင် နန်းတက်ခဲ့သော ပျူမင်းတစ်ပါးဖြစ်သည့် သီရိရာဇမင်းသည် ပညာရှိများနှင့်တိုင်ပင်၍ ဗေဒင်၊ ရာဇဝင်ကျမ်းများပြုစုခဲ့ကြောင်း ရာဇဝင်ကြီးများတွင် ဖော်ပြထားသည်။ ပျူခေတ်တွင် ရာဇဝင်ကျမ်းများပင်ပြုစုခဲ့သောကြောင့် မြို့တည်နန်းတည်သည့်အကြောင်းအရာများကို ရေးသားခဲ့သည့် မြို့တည်နန်းတည်စာတမ်းများလည်း ရေးသားခဲ့ဖွယ်ရာရှိသည်။ ရေးသားခဲ့သည်ဟု ယူဆဖွယ်ရာ အချက်များလည်း တွေ့ရသည်။

မှန်နန်းမဟာရာဇဝင်ကြီးတွင် "ဂဝံပတော့၊ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသုရာ ဤသူမြတ် ခုနစ်ယောက်တို့သည် ဘုရားသခင် ဗျာဒိတ်တော်ရှိသည်နှင့်အညီ မြို့တည်အံ့သောအကြောင်းကို စုရုံးတိုင်ပင်ညီညွတ်ကြ၍ သာယာညီညွတ်လှစွာသော မြေအပြင်ဝယ် သိကြားမင်းသည် စက်တိုင်၌ ရပ်နေပြီးလျှင် နဂါးကို စက်ကြိုးပြု၍ လှည့်တော်မူ၏။ ထိုသို့ နဂါးစက်ကြိုးဖြင့် ရစ်လည်သောအရာ၌ အချင်းအားဖြင့် တစ်ယူဇနာ၊ အဝန်းအားဖြင့် သုံးယူဇနာရှိသော တံခါးကြီး ၃၂ တံခါး၊ တံခါးငယ် ၃၂ တံခါး၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုးစသော မြို့၏အင်္ဂါခုနစ်ပါးနှင့် ထူးဆန်းတင့်တယ်လှစွာသော သိကြားနေရာ သုဒဿနမြို့ကဲ့သို့ မြတ်သောအသရေကိုဆောင်သော သရေခေတ္တရာရွှေမြို့တော်ကို တည်၏"ဟူ၍ ဒွတ္တဘေါင်မင်းကြီး သရေခေတ္တရာမြို့ကို တည်ကြောင်း ဖော်ပြထားသည်။

တစ်ဖန်ဆက်၍ နန်းတော်တည်ကြောင်းကို လည်း "မင်းကြီးအားထိုက်သော ဂိမှဥတု၊ ဝသာနဥတု၊ ဟေမန္တဥတု၊ သုံးပါး၌ မွေ့လျော်ပျော်ပါးစေခြင်းငှာ၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၊ ဘုံးကိုးဆယ့်ရှိသော ပြာသာဒ်၊ ဘုံတစ်ဆယ့်တစ်ဆင့်ရှိသော ပြာသာဒ် ဤသို့သော ပြာသာဒ်နန်းသုံးဆောင်တို့ကိုလည်း နတ်တို့လုပ်၍ မြို့နှင့်တကွ ခုနစ်ရက်အတွင်းတွင် ပြီး၏"ဟူ၍ ဖော်ပြထားသည်။

ဤမှတ်တမ်းသည် မြို့တည်နန်းတည်မှတ်တမ်းများတွင် အစောဆုံးတွေ့ရသော မှတ်တမ်းဖြစ်သည်။ ပျူခေတ်နောက်ပိုင်း၊ ပုဂံခေတ်တွင်လည်း မင်းအဆက်ဆက်တို့သည် မြို့နန်းကိုတည်ဆောက်စိုးစံခဲ့ကြသည်သာဖြစ်သည်။ ပုဂံခေတ်တွင် စိုးစံခဲ့သော ကျန်စစ်သားမင်းသည် နန်းတော်အသစ်ကို ၄၆၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ထိုနန်းတော်သစ်တည်ဆောက်ခဲ့သည့်အကြောင်းကို ကျောက်စာရေးထိုး၍ထားခဲ့သည်။ ထိုရွှေနန်းတော်တည် ကျောက်စာသည် ကျောက်စာဖြင့် ရေးထိုးခဲ့သော ရွှေနန်းတော်တည်ကျောက်စာများတွင် အစောဆုံးဖြစ်သည်။

ဤတွင် သတိပြုရန်အချက်တစ်ချက်ရှိသည်။ ဒွတ္တဘေါင်မင်းကြီးအရင် အဘိရာဇာမင်းသည် တကောင်းမြို့ကို တည်ထောင်ခဲ့ခြင်းပင်ဖြစ်သည်။ အဘိရာဇာမင်း၏ တကောင်းမြို့တည်ခြင်းသည် အစောဆုံးပင်ဖြစ်သည်ဟု ဆိုရန်ရှိသည်။ သို့သော် မဟုတ်ပါ။ အဘိရာဇာမင်းသည် ဒွတ္တဘေါင်မင်းထက် မြို့တည်စောသည်ကား မှန်ပါသည်။ အဘိရာဇာမင်း၏ မြို့တည်ခန်းကို ရာဇဝင်ကြီးတို့၌ "မြို့တည်သည်"ဟူ၍သာ ဖော်ပြထားသည်။ မြို့တံခါးပုံစံ၊ နန်းတော်ပုံစံတို့ကို ဖော်ပြမထားပေ။ ဒွတ္တဘေါင်မင်းကြီး၏ မြို့တည်ခန်းတွင် မြို့ပုံစံ၊ အကျယ်အဝန်း၊ နန်းတော်ပုံစံတို့ကိုပါ ဖော်ပြထားသည်။ မြို့နန်းတည်ပုံပါသည်။ ထို့ကြောင့် မြို့နန်းတည်ပုံဖော်ပြထားသော မှတ်တမ်းများတွင် ဒွတ္တဘေါင်မင်းကြီး၏ မြို့နန်းတည်ခြင်းသည် အစောဆုံးဟုဆိုခဲ့ကြခြင်းဖြစ်သည်။

ကျန်စစ်သားမင်း နန်းတည်ကျောက်စာသည်လည်း ထိုနည်းတူစွာဖြစ်သည်။ ကျန်စစ်သားမင်းထက်အရင် ပုဂံမြို့တွင် မြို့နန်းတည်၍ စိုးစံခဲ့သော မင်းများရှိသည်။ ထိုသို့ပင်ရှိသော်လည်း ထိုမင်းတို့တည်ဆောက်ခဲ့သော မြို့တော်၊ နန်းတော်များအကြောင်းကို ရေးထိုးခဲ့သည့် ကျောက်စာမှတ်တမ်းများမတွေ့ရသေးပေ။ ကျန်စစ်သားမင်း၏ ရွှေနန်းတော်တည်ကျောက်စာသာ အစောဆုံးတွေ့ရခြင်းဖြစ်သည်။ထို့ကြောင့် နန်းတော်တည်ကျောက်စာများတွင် အစောဆုံးတွေ့ရသည့် ကျန်စစ်သားမင်း၏ ရွှေနန်းတော်တည်ကျောက်စာကို အစောဆုံးဟု ဆိုခဲ့ခြင်းဖြစ်သည်။

ခေတ်အဆက်ဆက်မြို့တည်စာတမ်းများ

ပုဂံခေတ်တွင် ကျောက်သားပေါ်တွင် ရေးထိုးထားသော ကျန်စစ်သားမင်း ရွှေနန်းတည်ကျောက်စာများ ရေးထိုးနေပြီဖြစ်သောကြောင့် ပေ၊ ပုရပိုက်ပေါ်တွင် ရေးသားခဲ့သော မြို့တည်နန်းတည်စာတမ်းများလည်းရှိခဲ့မည်ဖြစ်သည်။ ယခုအခါ မတွေ့ရခြင်းမှာ ကာလရှည်ကြာခြင်းကြောင့် ဆွေးမြည့်ပျက်စီးခြင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခြင်း၊ စစ်မက်ဖြစ်ပွားခြင်းကြောင့် ပျက်စီးခြင်း၊ လူတို့ဖျက်စီး၍ ပျက်စီးခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့နိုင်ပါသည်။ ပုဂံခေတ်နောက်ပိုင်းကာလများဖြစ်သည့် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တို့တွင်လည်း မြို့တည်နန်းတည်စာတမ်းများစွာ ပေါ်ထွန်းခဲ့မည်ဖြစ်သည်။ ခေတ်တိုင်းခေတ်တိုင်းတွင် ရှင်ဘုရင်တစ်ပါးပါးက မြို့တည်လျှင် ထိုမြို့နန်းတည်သည့်အကြောင်းကို ရေးမှတ်ထားသည်။ မြို့တည်နန်းတည်စာတမ်းများ ရှိခဲ့သည်သာဖြစ်သည်။

ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက် ရွှေနားခံတော်အမတ်ကြီး မင်းကြီးသီရိမဟာကျော်ထင်ရာဇာ ကြီးကြပ်ရေးသားသည့် ရတနာပုံရွှေမြို့တော်တည်၊ ရွှေမြို့တော်သိမ်းစာတမ်းပေမူ ပဋိညာဉ်စကား၌ "တောင်ငူကေတုမတီမြို့တည်စာတမ်း၊ ပင်းယမြို့တည်စာတမ်း၊ အဝမြို့တည်စာတမ်း၊ အမရပူရမြို့တည်စာတမ်း စသောစာဟောင်းစာတမ်းအစောင်စောင်"ဟူ၍ ရှေ့တွင်ရှိပြီး မြို့တည်နန်းတည်စာတမ်းများကို ဖော်ပြထားသည်။ ထို့ကြောင့် ခေတ်အဆက်ဆက်တွင် မြို့တည်နန်းတည်စာတမ်းများ ပေါ်ထွန်းခဲ့ကြောင်း ထင်ရှားလှသည်။

ပုဂံပျက်ပြီးနောက် ပေါ်ထွန်းခဲ့သော မြို့တော်များတွင် အင်းဝမြို့သည် မြို့သက်အရှည်ဆုံးနှင့် နန်းစံမင်း အများဆုံးစိုးစံခဲ့သည်။ မင်းလေးပါးက အင်းဝမြို့ကို လေးကြိမ်လေးခါတိတိ တည်ကာ စိုးစံခဲ့သည်။ အင်းဝမြို့တွင် မြို့ရောနန်းရောတည်ထားစိုးစံခဲ့သော မင်းလေးပါးအပြင် အခြားမင်းတို့လက်ထက်တွင်လည်း နန်းတော်များ အကြိမ်ကြိမ် ပြင်ဆင်ဆောက်လုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် အင်းဝမြို့တည်နန်းတည် စာတမ်းများစွာ တွေ့ရပါသည်။

ဆက်လက်ဖော်ပြပါမည်။

လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖွဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ခန္ဓီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၂၃၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ခန္ဓီး နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင် ခန္ဓီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၂၃၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခန္ဓီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္ဓီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ ၈၁၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၃၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၇ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္ဓီးမြို့နယ်မှာ မိုးစပါး ၈၁၆၂ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးခင်းတွေလက်ရှိ ရိတ်သိမ်းနေရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခန္ဓီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္ဓီးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

နတ်တလင်းမြို့နယ် နွယ်ခွေကျေးရွာ၌ မြေနီကျောက်စရစ်ခင်းနေမှု စစ်ဆေး

နတ်တလင်း နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် နွယ်ခွေကျေးရွာ၌ မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက နွယ်ခွေကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက် လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ သန်း စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၆၃ သန်း ဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသောထွက်ကုန်များကို ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးထံမှ သိရသည်။

သန္တာ

မေတ္တာတရား

- မေတ္တာတရားအား
ရှိထားမှသာ။
သူ ငါ အကျိုးတို့
ထပ်တိုးတော့မှာ၊
မြတ်နိုးစရာ
အခါခါချမ်းမြေ့၊
ပြန်လှန်သည် သဘောတရားက
အကျိုးများပေ့။

- မေတ္တာသည် ထားရှိမှုက
သူ့အကျိုး လိုလားရာ၊
စိတ်ဆိုး စိတ်ပျက်ခြင်းနှင့်
အမျက်လျှင်းမပါ၊
မထီမဲ့ ကင်းကွာ
မသိနိုးခွာ မပြုရ၊
ဆက်ဆံရာ ကံသုံးပါးအား
ရှိထားတည်ကြ။

- လောကသဘောတရားအား
သိရှိထား နားလည်ရာ၊
လောကကို အကျိုးပြုသား
ကောင်းစေမှုအပါ၊
မေတ္တာဏ၀သဘော တရားမကွာ
ပြည့်ဝလာသော် အသိမျှ၊
မူထားကာ ကျင့်ဆောင်သား
ကြိုးစားမပြတ်ကြ။ ။

မောင်အောင်ဝေ(ညောင်ခြေထောက်)

မင်းဘူးမြို့နယ် အလံပါယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလံပါယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၆၉ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အလံပါယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၆၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာဝင်းထံမှ သိရသည်။

ဇင်မာ

ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲရလဒ်များကို လက်ခံရန်ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၄

နိုဝင်ဘာ ၃ ရက် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများမှ ထွက်ပေါ်လာသည့် ရလဒ်များကို လက်သင့်ခံရန် ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နယူးယောက်တိုင်းမ် သတင်းစာနှင့် နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်ခဲ့သည့် အင်တာဗျူးအစီအစဉ်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၃ ရက် ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲများတွင် ဒီမိုကရက်တစ်ပါတီသည် အထက်လွှတ်တော်၊ အမတ်နေရာ ၃၅ နေရာနှင့် အောက်လွှတ်တော် အမတ်နေရာ ၄၃၅ နေရာတို့အတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၃ ရက် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများတွင် ဒီမိုကရက်တစ်ပါတီ အမတ်လောင်းများသည် တောင်ကာရိုလိုင်းနား၊ တက္ကဆက်၊ အိုင်အိုဝါ ပြည်နယ်တို့ကဲ့သို့ ကွန်ဆာဗေးတစ်များ အားကောင်းသည့် ပြည်နယ်များတွင် အနိုင်ရရှိခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီက အထက်လွှတ်တော်၌ အမတ်နေရာ ၅၂ နေရာထိရရှိထားပြီး အောက်လွှတ်တော်၌ ၂၅၅ နေရာထိ ရရှိနိုင်ကြောင်း သိရသည်။

နိုဝင်ဘာ ၃ ရက် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများကို အထက်လွှတ်တော် အမတ်နေရာ ၃၅ နေရာနှင့် အောက်လွှတ်တော် အမတ်နေရာ ၄၃၅ နေရာတို့အတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



သမ္မတဖုန်းခေါ်ဆိုမှု ကြားဖြတ်နားထောင်သူများအဖြစ် စွပ်စွဲခံထားရသူ သုံးဦး အင်ဒိုနီးရှား ဖမ်းဆီးထိန်းသိမ်း

ကျကာတာ နိုဝင်ဘာ ၄

သမ္မတ ပရာဘိုဝိုဆူဘီယန်တို့၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အခြားထိပ်တန်း တာဝန်ရှိသူများ၏ ဖုန်းခေါ်ဆိုမှုများကို ကြားဖြတ် နားထောင်မှုစွဲချက်ဖြင့် ရဲတပ်ဖွဲ့ ထိပ်တန်းအရာရှိသုံးဦးတို့ကို အင်ဒိုနီးရှားတာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တယ်လီဖုန်း ကြားဖြတ်နားထောင်မှု စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူများထဲတွင် သမ္မတပရာဘိုဝိုဆူဘီယန်တို့၏ ရုံးအဖွဲ့အကြီးအကဲလည်း ပါဝင်ကြောင်း သိရသည်။

သမ္မတရုံး ရုံးအဖွဲ့အကြီးအကဲအဖြစ် မကြာသေးမီနှစ်က ခန့်အပ်ခံခဲ့ရသော လစ်ယိုဆီဂျစ်ပရာဘိုဝိုသည် ရဲတပ်ဖွဲ့မှနုတ်ထွက်ရသေးခြင်းမရှိကြောင်း အင်ဒိုနီးရှား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လစ်ယိုဆီဂျစ်ပရာဘိုဝိုအပါအဝင် ထိပ်တန်းရဲအရာရှိ သုံးဦးသည် သမ္မတပရာဘိုဝိုဆူဘီယန်တို့၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံရေးသမားများ၊ သတင်းစာဆရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ဖုန်းခေါ်ဆိုမှုများကို ကြားဖြတ် နားထောင်ခဲ့ကြောင်း အင်ဒိုနီးရှား အာဏာပိုင်များက ပြောကြားထားသည်။

ဖုန်းခေါ်ဆိုမှု ကြားဖြတ်နားထောင်မှုသည် လူထုထောက်ခံမှုနှုန်းကျဆင်းနေသော အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို့အတွက် သိကွှာကျရဖွယ်ရာဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုရှားကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



ပေကျင်း နိုဝင်ဘာ ၄

တရုတ် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းရှန်မင်းနှင့် ရုရှားကာကွယ်ရေးဝန်ကြီး အန်ဒရီဘယ်လိုဆော့ဗ်တို့သည် နိုဝင်ဘာ ၃ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စစ်ရေးနယ်ပယ်၌ မဟာဗျူဟာမြောက် ဆက်သွယ်ရေးနှင့် အပြန်အလှန် ယုံကြည်မှုတို့ကိုမြှင့်တင်ရေးအတွက် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် တရုတ် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းရှန်မင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီး ကျန်းရှန်မင်း၏ အဆိုပါ ပြောကြားချက်သည် ရုရှားနှင့် တရုတ်နိုင်ငံတို့ကြား နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးကိစ္စဆက်ဆံမှုများ ပြီးခဲ့သည့်နှစ်များအတွင်း အားကောင်းခိုင်မာလာမှုကို ပြသနေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဗိုလ်ချုပ်ကြီး ကျန်းရှန်မင်းသည် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ရာထူးတိုးမြှင့်ခဲ့ပြီး နောက်ပိုင်း ပထမဆုံးအကြိမ် အဖြစ် ပြည်ပနိုင်ငံ တစ်နိုင်ငံမှ ဝန်ကြီးတစ်ဦးနှင့် တရားဝင် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ကျန်းရှန်မင်းသည် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရာထူးတိုးမြှင့်ခံခဲ့ရသူ ဖြစ်သည်။

တရုတ် ဗဟိုစစ်ကော်မရှင်တွင် မူလက အဖွဲ့ဝင် ခုနစ်ဦးထိရှိခဲ့သော်လည်း အဂတိလိုက်စားမှုများဖြင့် ငါးဦးဖယ်ရှားခံရပြီးနောက်ပိုင်း သမ္မတရှီကျင့်ဖျင်နှင့် ဗိုလ်ချုပ်ကြီး ကျန်းရှန်မင်းတို့ နှစ်ဦးသာအဖွဲ့ဝင်အဖြစ် ကျန်ရှိခဲ့ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

ပြည်နယ်ရဲတပ်ဖွဲ့များဖွဲ့စည်းရေး အခြေခံဥပဒေပြင်ဆင်ချက် နိုင်ဂျီးရီးယား ပြည်နယ်လွှတ်တော် ၂၈ ခု အတည်ပြု

အဘူဂျာ နိုဝင်ဘာ ၄

ပြည်နယ်ရဲတပ်ဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကို နိုင်ဂျီးရီးယား ပြည်နယ်လွှတ်တော် ၂၈ ခုတို့က အတည်ပြုခဲ့ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြည်နယ်လွှတ်တော် ၂၈ ခုတို့ ၏ အတည်ပြုချက်ကြောင့် ပြည်နယ် ရဲတပ်ဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်မှာ ဥပဒေအဖြစ် အာဏာသက်ဝင်ရန် နီးစပ်လာပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားအမျိုးသားလွှတ်တော်က နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်သည် ပြီးခဲ့သည့် နှစ်များအတွင်း ပြုလုပ်ခဲ့သော နိုင်ဂျီးရီးယား လုံခြုံရေးမူဘောင် အပြောင်းအလဲများအနက် အကြီးမားဆုံး အပြောင်းအလဲတစ်ခု ဖြစ်သည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ ပြည်နယ်များက ထိန်းချုပ်ထားနိုင်မည့် ရဲတပ်ဖွဲ့များကို ဖွဲ့စည်းနိုင်မည်ဖြစ်သည်။

လက်ရှိတွင် နိုင်ဂျီးရီးယားနိုင်ငံ၏ ရဲတပ်ဖွဲ့လုပ်ငန်းများကို ဖက်ဒရယ် ရဲတပ်ဖွဲ့တစ်ခုတည်းကသာ ရယူထားသည်။

နိုင်ဂျီးရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ပြည်နယ် ၃၆ ခုအနက် အနည်းဆုံး ပြည်နယ် ၂၄ ခုတို့၏ အတည်ပြုချက်ကိုရယူရန် လိုအပ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဥရောပလေကြောင်းခရီးစဉ် ၁၀ ခု ဗုံးခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရ

ဝါဆော နိုဝင်ဘာ ၄

ဥရောပ လေကြောင်းခရီးစဉ် ၁၀ ခုတို့သည် နိုဝင်ဘာ ၃ ရက်တွင် ဗုံးခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ပိုလန်နိုင်ငံ ဝါဆော နိုင်ငံတကာ လေဆိပ်မှာလည်း ယာယီ ပိတ်ထားခဲ့ရကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ လေကြောင်းခရီးစဉ်များကို ပျံသန်းနေသော ခရီးသည်တင်လေယာဉ်များမှာ ဥရောပအနှံ့ အပြားရှိမြို့ကြီးများသို့ ဆင်းသက်ခဲ့ရပြီး မြေပြင်ရှာဖွေရေးလုပ်ငန်းများ ပြုလုပ်ခဲ့သော်လည်း မည်သည့် ဖောက်ခွဲရေးပစ္စည်းမျှ မတွေ့ခဲ့ရကြောင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဗုံးခြိမ်းခြောက်မှုကို အပြင်းထန်ဆုံး ရင်ဆိုင်ခဲ့ရသည့် လေကြောင်းလိုင်းမှာ အိုင်ယာလန် အခြေစိုက် ရိုင်ယန်အဲလေကြောင်း လိုင်းဖြစ်ပြီး လေကြောင်းခရီးစဉ် လေးခုထိ ဗုံးခြိမ်းခြောက်မှု သတင်းပေးချက်များ ရရှိခဲ့သည်။



ထို့အတူ ပိုလန်နိုင်ငံ ဝါဆောမြို့သို့ ဦးတည်ပျံသန်းနေသည့် ခရီးသည်တင် လေယာဉ်နှစ်စင်းမှာလည်း ဗုံးခြိမ်းခြောက်မှု သတင်းပေးချက်များ ရရှိခဲ့ကြကြောင်း ပိုလန်တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ လေယာဉ်နှစ်စင်း ဘေးကင်းစွာ ဆင်းသက်နိုင်ရေးအတွက် ဝါဆောမြို့ ချိုပင်လေဆိပ်နှင့် ဝါဆောမိုဒလင်းလေဆိပ်တို့ကို ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

လေကြောင်းခရီးစဉ် ဗုံးခြိမ်းခြောက်မှုကြောင့် အီတလီလေတပ်ကလည်း တိုက်လေယာဉ်များ အရေးပေါ်စေလွှတ်ခဲ့ရသည်ဟု အီတလီမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

Rocket Lab ကုမ္ပဏီက IQPS ကုမ္ပဏီ၏ ကမ္ဘာ့ဂြိုဟ်လေ့လာရေး ရေဒါဂြိုဟ်တုတစ်စင်းကို လွှတ်တင်



ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်နိုင်ငံအခြေစိုက် Rocket Lab ကုမ္ပဏီသည် နိုဝင်ဘာ ၂ ရက်တွင် ဂျပန်အခြေစိုက် IQPS ကုမ္ပဏီ၏ ကမ္ဘာ့ဂြိုဟ်လေ့လာရေး ရေဒါဂြိုဟ်တုတစ်စင်းကို လွှတ်တင်ပေးခဲ့ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

IQPS ရေဒါဂြိုဟ်တုကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် IQPS ရေဒါဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုသည် Rocket Lab ကုမ္ပဏီက IQPS ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့သည့် ၁၀ စင်းမြောက် IQPS ရေဒါဂြိုဟ်တု ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၆ ကြိမ်မြောက် အီလက်ထရွန်ဒုံးပျံမစ်ရှင်ဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော Rocket Lab ကုမ္ပဏီသည် လက်ရှိအချိန်ထိ အာကာသမစ်ရှင်ပေါင်း ၉၉ ခုထိ လွှတ်တင်ခဲ့ပြီးဖြစ်သည်။

Ref : Sputnik News
Trs : KKO


နာဆာ၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ယာယီပြတ်တောက်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ် ယာယီပြတ်တောက်ခဲ့ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ခန့်ရှိပြီးဖြစ်သော ဗွိုင်ယေဂျာ-၁အာကာသယာဉ်၏ ရေဒီယိုအချက်ပြလှိုင်း ပေးပို့မှုများမှာ အောက်တိုဘာ ၁၈ ရက်တွင် ရပ်တန့်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် အောက်တိုဘာ ၂၀ ရက်တွင် ရေဒီယိုအချက်ပြလှိုင်းများကို ပြန်လည်ပေးပို့နိုင်ခဲ့ကြောင်း သိရသည်။



လက်ရှိအချိန်တွင် နာဆာသိပ္ပံပညာရှင်များသည် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်၏ ရေဒီယိုအချက်ပြလှိုင်းများပေးပို့မှု ရပ်တန့်ခဲ့ရခြင်း၏ နောက်ခံအကြောင်းတရားကို နာဆာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ကမ္ဘာ့ဂြိုဟ်နှင့် အလင်းရက်တစ်ရက်အကွာအဝေးသို့ ရောက်ရှိရန် ရက်သတ္တပတ်အနည်းငယ် အလိုတွင် ရေဒီယိုအချက်ပြလှိုင်းများပေးပို့မှု ယာယီရပ်ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ကမ္ဘာ့ဂြိုဟ်နှင့် မိုင်ပေါင်း ၁၆ ဘီလီယံအကွာသို့ ရောက်ရှိနေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

31/ ATLAS ကြယ်တံခွန်ကို ဖုန်မှုန့်များရောနှောသော ရေခဲပွင့်များဖြင့် ဖွဲ့စည်းထား

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ 31/ ATLAS ကြယ်တံခွန်ကို အာကာသဖုန်မှုန့်များ ရောနှောနေသော ရေခဲပွင့်ငယ်များဖြင့် ဖွဲ့စည်းထားကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘက်အာကာသရေဒီယို တယ်လီစကုပ်မှ ရရှိသော သတင်း အချက်အလက်များအရ 31/ ATLAS ကြယ်တံခွန်၏ ဖွဲ့စည်းပုံမှာ နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တံခွန်များ ဖွဲ့စည်းပုံနှင့် အလုံးစုံကွဲပြားခြားနားနေသည်ကို တွေ့ရကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ရသော 31/ ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည်။

နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ 31/ ATLAS ကြယ်တံခွန်မှာ ဖုန်မှုန့်များရောနှောနေသော ရေခဲပွင့်ငယ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။

31/ ATLAS ကြယ်တံခွန်ကို ဖွဲ့စည်းထားသည့် ရေခဲပွင့်များမှာ နေအဖွဲ့အစည်း၏ နက်ပက္ခန်း ဂြိုဟ်နေပတ်လမ်းအလွန်ရှိ ကြယ်တံခွန်များ၏ ရေခဲမှုန်များနှင့် တူညီမှုရှိသော်လည်း နေအဖွဲ့အစည်းဝင် ကြယ်တံခွန်ရေခဲပွင့်များမှာ ပို၍သန့်ရှင်းကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

31/ ATLAS ကြယ်တံခွန်၏ သက်တမ်းမှာ နှစ်ပေါင်း ၁၀ ဘီလီယံမှ ၁၂ ဘီလီယံထိ ရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

တောမီးမှထွက်ပေါ်လာသောမီးခိုးငွေ့များကို ကိုယ်ဝန်ဆောင်မိခင်လောင်းများ ရှူရှိုက်မိပါက ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်

နယူးယောက် နိုဝင်ဘာ ၄

ကိုယ်ဝန်ဆောင်မိခင်လောင်းများ တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကို ရှူရှိုက်မိပါက မွေးဖွားလာသည့် ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ လေထုပမာဏတစ်ကုဗမီတာလျှင် လေထုလွှာ ညစ်ညမ်းမှုနှုန်းသည် ဒသမ ၇၅ မိုက်ခရိုဂရမ်ထိ မြင့်တက်လာမှုကြောင့် မွေးဖွားလာသော ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ ၃၀ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များသည် လောင်ကျွမ်းမှုဖြစ်ပွားရာ နယ်မြေများကို ကျော်လွှန်၍ အခြားနေရာများသို့ ရောက်ရှိနိုင်သည်ဖြစ်ရာ မီးခိုးငွေ့ကို မမြင်ရသည့်တိုင် မီးခိုးငွေ့နှင့် ထိတွေ့မှုရှိပါက အော်တစ်ဇင်ရောဂါ ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

အသားစားသုံးမှုမြင့်မားသော အမျိုးသားများ၌ တက်စတိုစတာရုန်းဟော်မုန်း စုစည်းမှုနည်းပါး

ဟယ်လ်ဆင်ကီး နိုဝင်ဘာ ၄

အသားစားသုံးမှုမြင့်မားသော အမျိုးသားများ၌ တက်စတိုစတာရုန်းဟော်မုန်း ပေါ်ထွက်မှုအဆင့် ပုံမှန်ထက် ပိုနည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ဖင်လန်အရှေ့ပိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၄၂ နှစ်နှင့် ၆၀ ကြား အမျိုးသား ၂၅၄၆ ဦးတို့၏ ဓာတ်စာစားသုံးမှု ပုံစံများကို လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ တိရစ္ဆာန်ထွက် ပရိုတင်းဓာတ်ကို အများဆုံးစားသုံးသည့် အမျိုးသားများသည် အနည်းဆုံး စားသုံးသည့် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက တက်စတိုစတာရုန်း ဟော်မုန်း စုစည်းမှုအဆင့် ပိုနည်းပါးနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အပင်ထွက်ပရိုတင်းများကို အများဆုံးစားသုံးသည့် အမျိုးသားများတွင်မူ တက်စတိုစတာရုန်းဟော်မုန်း စုစည်းမှုအဆင့် မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

တက်စတိုစတာရုန်းဟော်မုန်းသည် အမျိုးသားများ၏ လိင်စွမ်းဆောင်ရည်၊ ကြွက်သားစုစည်းမှု၊ အရိုးသန်မာမှုတို့အတွက် လိုအပ်သည့် ဟော်မုန်းဖြစ်ပြီး သွေးနီဆဲလ်များ ပေါ်ထွက်ရေးအတွက်လည်း အထောက်အကူပြုနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



LPGA အဖွဲ့ချုပ်၏ ၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို နယ်လီကော်ဒါဆွတ်ခူး



ဝါရှင်တန် နိုဝင်ဘာ ၄

Ladies Professional Golf Association(LPGA) အဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်ခဲ့သည့် ၂၀၂၆ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော်ဒါက ဆွတ်ခူးခဲ့ကြောင်း Golf.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

LPGA အဖွဲ့ချုပ်က တစ်နှစ်တာအတွင်း ကျင်းပခဲ့သည့်ပြိုင်ပွဲများမှ ရလဒ်များအပေါ်အခြေခံတွက်ချက်ကာ တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

နယ်လီကော်ဒါသည် ယခုနှစ်အတွင်းကျင်းပခဲ့သည့် ဂေါက်သီးရိုက်ရာသီတွင် U.S. Open အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ၊ Chevron Championship အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သူဖြစ်သည်။

ထို့ပြင် နယ်လီကော်ဒါသည် ဝင်ရောက် ကစားခဲ့သည့်ပြိုင်ပွဲ ၁၀ ခုတွင် အမှတ်ပေးဇယားအဆင့် (၁၀)အတွင်း ဝင်ရောက်ခဲ့သည့် အပြင် ပြိုင်ပွဲခြောက်ပွဲဆက် ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီးနောက် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နယ်လီကော်ဒါသည် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို ၂၀၂၄ ခုနှစ်ကလည်း ဆွတ်ခူးခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Golf.com

Trs : STA

မြန်မာ Esports အသင်းများ CHINA-ASEAN Esports Competition ပြိုင်ပွဲဝင်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ



ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံ ကိုယ်စားပြု Esports အသင်းများဖြစ်သည့် Mobile Legends Bang Bang (MLBB)အသင်းနှင့် VALORANT အသင်းတို့သည် CHINA – ASEAN Esports Competition 2026 (CAEC 2026) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ထွက်ခဲ့ကြသည့် မြန်မာ MLBB အသင်းနှင့် VALORANT အသင်းတို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်(MESF) မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

CAEC 2026 ပြိုင်ပွဲကို တရုတ်နိုင်ငံ နန်နင်းမြို့၌ နိုဝင်ဘာ ၆ ရက်မှ ၈ ရက်ထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်တရုတ်နိုင်ငံအပါအဝင် မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ တီမောလက်စ်တေ နိုင်ငံတို့မှ အသင်းများ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင် မြန်မာကိုယ်စားပြု Esports အသင်းများ၏ပွဲစဉ်ဇယား၊ ပြိုင်ပွဲဆိုင်ရာအချက်အလက်များ၊ ရလဒ်များကိုမြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် (MESF)က ဆက်လက်ထုတ်ပြန် ပေးမည်ဖြစ်ကြောင်း သိရသည်။

STA

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် ရိုးမားအသင်းကိုအနိုင်ရပြီးနောက် မန်ယူအသင်း ကိုးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်

မန်ချက်စတာ နိုဝင်ဘာ ၄

မန်ယူအသင်းသည် ယနေ့ နံနက်ပိုင်းက ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် ကစားခဲ့သည့် ရိုးမားအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရပြီးနောက် ပြိုင်ပွဲစုံကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၁ ရက်က ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ဆာဘတ်အသင်းနှင့် ပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီးနောက် ပြိုင်ပွဲစုံကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နည်းပြ ကာရစ်သည်လည်း ရာထူးမှ ထုတ်ပယ်ခံရရန် နီးစပ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် မန်ယူအသင်းသည် ရိုးမားအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်၌ ပွဲချိန်ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပိုင်းတွင် အကောင်းဆုံး ပုံစံပြန်လည်ပြသခဲ့ကာ ပွဲချိန် ၅၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဖာနန်ဒက်က ချေပဂိုး တစ်ဂိုး၊ ပွဲချိန် ၈၃ မိနစ်နှင့် ၈၆ မိနစ်တို့တွင် ကွန်ဟာက ချေပဂိုးနှင့် အနိုင်ဂိုး တို့ကိုသွင်းယူခဲ့ပြီးနောက် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ရိုးမားအသင်းနှင့် ပွဲစဉ်မတိုင်မီ ပြိုင်ပွဲစုံကိုးပွဲတွင် ခြောက်ပွဲထိရှုံးနိမ့်ကာ သုံးပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့သော်လည်း ရိုးမားအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရပြီးနောက် ကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲကစားပြီးချိန် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားပြီး ရိုးမားအသင်းက အိတလီစီးရီးအေပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ပွဲသာအနိုင်ရရှိခဲ့ကာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

ပဲရစ်မာစတာတင်းနစ်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်ကို ဘင်ရွဲလ်တန် တက်ရောက်

ပဲရစ် နိုဝင်ဘာ ၄

ပြင်သစ်နိုင်ငံတွင် ကျင်းပနေသည့် ပဲရစ်မာစတာတင်းနစ်ပြိုင်ပွဲတွင် အမေရိကန်တင်းနစ်ကစားသမား ဘင်ရွဲလ်တန်က ၁၆ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ၃၂ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် ဘင်ရွဲလ်တန်သည် ဗြိတိန်တင်းနစ်ကစားသမား နော်ရီနှင့်ကစားခဲ့ရာ လက်ရည်အသာဖြင့် ဖိအားပေးကစားခဲ့ပြီး ပထမပွဲငယ်တွင် (၆-၃)ရလဒ်၊ ဒုတိယပွဲငယ်တွင် (၆-၄)ရလဒ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရပြီး ၁၆ ဦး ရှုံးထွက်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘင်ရွဲလ်တန်က “အခုလို ၁၆ဦး ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့တဲ့အတွက် ကျေနပ်ပါတယ်။ နောက်အဆင့်တွေမှာ ပိုပြီးခက်ခဲတော့မယ်ဆိုတာ သိပါတယ်။ တစ်ဆင့်ချင်းစီကို အကောင်းဆုံးကျော်ဖြတ်နိုင် အောင်ကြိုးစားသွားမှာပါ။ အခုပြိုင်ပွဲမှာ ကမ္ဘာ့အဆင့် ကစားသမားအများစု ပါဝင်နေလို့ ခက်ခဲမယ်ဆိုတာ သိပြီးသားပါ” ဟု ပြောကြားခဲ့သည်။

ဘင်ရွဲလ်တန်သည် လက်ရှိပဲရစ်မာစတာ တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့် (၃) အဖြစ် သတ်မှတ်ခံထားရသူ ဖြစ်ပြီး ၁၆ ဦးရှုံးထွက်အဆင့် ပွဲစဉ်ကို နိုဝင်ဘာ ၅ ရက်တွင် ပြင်သစ် တင်းနစ်ကစားသမား အာသာနှင့် ဆက်လက်ကစား ရမည်ဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

စီဒရစ်နှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပါက ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝမှ အနားယူမည်ဟု ဂျိတ်ပေါလ် ပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန် လက်ဝှေ့သမား ဂျိတ်ပေါလ်က လာမည့် ပြင်သစ် လက်ဝှေ့သမားစီဒရစ်နှင့် ပွဲစဉ်တွင် ရှုံးနိမ့်မည်ဆိုပါက ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝမှ အနားယူမည်ဟု ပြောကြားခဲ့ကြောင်း World Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိတ်ပေါလ်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ဗြိတိန်လက်ဝှေ့သမား အန်သိုနီ ဂျွှာနှင့် ထိုးသတ်ခဲ့ရာ ရှုံးနိမ့်ပြီး အဆိုပါ ပွဲစဉ်တွင် မေးရိုးကျိုးဒဏ်ရာရရှိခဲ့ပြီးနောက် တစ်နှစ်ခန့်အနားယူခဲ့ရသူ ဖြစ်သည်။



ဂျိတ်ပေါလ်သည် တစ်နှစ်ခန့် အနားယူပြီးနောက် ဒဏ်ရာမှ သက်သာလာခဲ့သည့်အတွက် စီဒရစ်နှင့်ထိုးသတ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ လာမည့် ဒီဇင်ဘာ ၂၄ ရက်တွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ ထိုးသတ်ရန်သဘော တူညီမှုရရှိထားခြင်းဖြစ်သည်။

ဂျိတ်ပေါလ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ၁၂ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသူဖြစ်ပြီး အနိုင်ရရှိခဲ့သည့် ပွဲစဉ်များတွင် ခုနစ်ပွဲကိုအလဲထိုးရလဒ်ဖြင့် အနိုင်ရရှိထားသူဖြစ်သည်။

ဂျိတ်ပေါလ်က “ကျွန်တော် စီဒရစ်နဲ့ပွဲစဉ်မှာရှုံးနိမ့်ခဲ့ရင် လက်ဝှေ့အိတ်ကို ကြိုးပိုင်းထဲမှာထားခဲ့ပြီး အနားယူမှာပါ။ အနိုင်ရရှိခဲ့မယ်ဆိုရင်တော့ တစ်မျိုးစဉ်းစားသွားမှာပါ။ လက်ရှိမှာတော့စီဒရစ်နဲ့ပွဲအတွက်သေချာအာရုံ စိုက်ပြင်ဆင်နေပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : World Boxing

Trs : STA

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ပွဲတည်း သွင်းဂိုးလေးဂိုးကို အမြန်ဆုံးသွင်းယူနိုင်သည့် အသင်းအဖြစ် ပီအက်စ်ဂျီအသင်းရပ်တည်

ပဲရစ် နိုဝင်ဘာ ၄

ပီအက်စ်ဂျီ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ပွဲတည်း သွင်းဂိုးလေးဂိုးကို အမြန်ဆုံးသွင်းယူနိုင်သည့် အသင်းအဖြစ် ရပ်တည်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် ယနေ့နံနက်ပိုင်း ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက ဗီလာရီးရဲလ်အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် နာဗက်၊ ပွဲချိန် ၁၂ မိနစ်တွင် မာယူလူ၊ ပွဲချိန် ၁၃ မိနစ်နှင့် မိနစ် ၅၀ တို့တွင် ဖေဘီယန်ရူဇ်၊ ပွဲချိန် ၇၈ မိနစ်တွင် ဘိုလီတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။



အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ပွဲချိန် ၁၇ မိနစ်အတွင်း သွင်းဂိုး လေးဂိုးထိ သွင်းယူခဲ့သည့် အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ပွဲတည်း သွင်းဂိုးလေးဂိုးကို အမြန်ဆုံး သွင်းယူနိုင်သည့် အသင်းအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အလားတူ ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲကစားပြီးချိန်တွင် သွင်းဂိုး ၂၀ ထိ ရှိလာခဲ့သည့်အတွက် သွင်းဂိုးအများဆုံး အသင်းအဖြစ်ပါ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲတွင် ဆလိုဗန်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုး၊ မန်စီးတီးအသင်းကို လေးဂိုး နှစ်ဂိုး၊ ဘာစီလိုနာအသင်းကို လေးဂိုး နှစ်ဂိုး၊ ဗီလာရီးရဲလ် အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ပွဲများ ရယူထားကြောင်းသိရသည်။

Ref : 365 Scores
Trs : STA

YONEX BTY Junior International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယွန်းသက်ထားမောင် ၁၆ဦးရှုံးထွက်အဆင့်တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနေသည့် YONEX BTY Junior International Series ကြက်တောင်ရိုက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လူငယ်ကြက်တောင်ရိုက်မယ် ယွန်းသက်ထားမောင်သည် ယနေ့တွင် ၁၆ ဦးရှုံးထွက် အဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လူငယ်ကစားသမားများဖြစ်ကြသည့် ကြက်တောင်ရိုက်ကစားသမား ရဲလင်းထက်နှင့် ကြက်တောင်ရိုက်မယ် ယွန်းသက်ထားမောင်တို့ ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

YONEX BTY Junior International Series ကြက်တောင်ပြိုင်ပွဲတွင် ရဲလင်းထက်သည် အသက် ၁၉ နှစ်အောက်ပြိုင်ပွဲ ၃၂ ဦးရှုံးထွက် အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် မလေးရှား ကြက်တောင်ရိုက်ကစားသမား Shahidi နှင့် ကစားခဲ့ရာ (၂၁-၁၁)၊ (၂၁-၉)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ၃၂ ဦး ရှုံးထွက် အဆင့်မှ ထွက်ခွာခဲ့ရသည်။

သို့သော် ယွန်းသက်ထားမောင်သည် ယနေ့တွင် အသက် ၁၇နှစ် အောက် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ၃၂ ဦးရှုံးထွက်အဆင့်ပွဲစဉ် အဖြစ် ဖိလစ်ပိုင်ကြက်တောင်ရိုက်မယ် Reese နှင့် ကစားခဲ့ရာ (၂၁-၁၃)၊ (၂၁-၇)ရလဒ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရပြီး ၁၆ ဦး ရှုံးထွက်အဆင့် သို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် ဧရာဝတီအသင်းက ဂျပန်ကလပ် ကိုဘေးလီယိုနာဆာအသင်းကို ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၄

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A)အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ည ၇ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဧရာဝတီအသင်းနှင့် ဂျပန်ကလပ် ကိုဘေးလီယိုနာဆာ အသင်းတို့ ကစားခဲ့ရာ ဧရာဝတီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဂျပန်အသင်းက ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၃၇ မိနစ်တွင် မန်ရီကီက ကိုဘေးလီယိုနာဆာ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် ကိုဘေးလီယိုနာဆာ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင် ဧရာဝတီအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ် ရှိခဲ့သော်လည်း ပွဲချိန် ၄၈ မိနစ်တွင် မိနိုဝါက ကိုဘေးလီယိုနာဆာ အသင်းအတွက် ဒုတိယမြောက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် ဧရာဝတီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီအသင်းသည် အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ၌ အုပ်စုပထမပွဲစဉ်တွင် မြောက်ကိုရီးယားကလပ် နာဂိုယောင်းအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သကဲ့သို့ အုပ်စုဒုတိယပွဲစဉ်တွင်လည်း ကိုဘေးလီယိုနာဆာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံ ရှုံးနိမ့်ခဲ့သည့်အတွက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ရန် မျှော်လင့်ချက်နည်းပါးခဲ့ရကြောင်း သိရသည်။

STA

WTA Finals အမျိုးသမီးတင်းနစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲအပြီးတွင် ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် ရိုင်ဘာကီနာ အုပ်စု(A)၌ကျရောက်



ဝါရှင်တန် နိုဝင်ဘာ ၄

WTA Finals အမျိုးသမီးတင်းနစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲအပြီးတွင် ကမ္ဘာ့အဆင့်(၁) ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာက အုပ်စု(A)တွင် ကျရောက်နေကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

WTA Finals အမျိုးသမီးတင်းနစ်ပြိုင်ပွဲသည် အမျိုးသမီးတင်းနစ်လောက၌ အဆင့်အတန်းအမြင့်ဆုံး ပြိုင်ပွဲဖြစ်ပြီး တင်းနစ်ရာသီတစ်ရာသီအကုန်တွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁) မှ (၈) နေရာ၌ ရပ်တည်နိုင်သည့် ကစားသမားများသာ ကစားခွင့်ရရှိခြင်းဖြစ်သည်။

WTA Finals အမျိုးသမီးတင်းနစ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီး အုပ်စု(A)တွင် ကမ္ဘာ့အဆင့်(၁) ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာ၊ ကမ္ဘာ့အဆင့်(၄) အမေရိကန် တင်းနစ်မယ် ကိုကိုဂတ်ဖ်၊ ကမ္ဘာ့အဆင့်(၅) အမေရိကန် တင်းနစ်မယ် ပီဂူလာ၊ ကမ္ဘာ့အဆင့်(၈)ချက် တင်းနစ်မယ် နော့စ်ကိုဗာတို့ ပါဝင်ခဲ့သည်။

အလားတူ အုပ်စု(B)တွင် ကမ္ဘာ့အဆင့်(၂) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ၊ ကမ္ဘာ့အဆင့်(၃) ရုရှားတင်းနစ်မယ် အန်ဒရီဗာ၊ ကမ္ဘာ့အဆင့်(၆) ယူကရိန်း တင်းနစ်မယ် စဗစ်တိုလီနာ၊ ကမ္ဘာ့အဆင့်(၇) ချက်တင်းနစ်မယ် မူချိုဗာတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

WTA Finals အမျိုးသမီးတင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ၁၅ ရက်ထိ အမေရိကန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုချင်းစီမှ ပထမနေရာနှင့် ဒုတိယနေရာမှ ကစားသမားနှစ်ဦးသာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : WTA
Trs : STA

အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်က WBC ကမ္ဘာ့ဝယ်သာဝိတ်တန်းချန်ပီယံ ဂါစီယာကို မစ်ဒယ်ဝိတ်တန်းတွင် ထိုးသတ်ရန်စိန်ခေါ်



ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန် လက်ဝှေ့သမား ခရောဖို့ဒ်က လက်ဝှေ့လောကသို့ ပြန်လည် ဝင်ရောက်လာခဲ့ပြီးနောက် တစ်နိုင်ငံတည်းသားဖြစ်သည့် WBC ကမ္ဘာ့ဝယ်သာဝိတ်တန်းချန်ပီယံ ဂါစီယာကို မစ်ဒယ်ဝိတ်တန်းတွင်ထိုးသတ်ရန် စိန်ခေါ်မှု လုပ်ဆောင်ခဲ့ကြောင်း Source of Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ခရောဖို့ဒ်သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်က WBC စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ခါးပတ်စိန်ခေါ်ပွဲစဉ်အဖြစ် မက္ကဆီကိုလက်ဝှေ့သမား ကာနယ်လိုနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရပြီးနောက် ချန်ပီယံခါးပတ်ကို ရရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှ အနားယူကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဂါစီယာသည်လည်း လက်ရှိတွင် WBC ကမ္ဘာ့ဝယ်သာဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်ပြီး နောက်ဆုံး ထိုးသတ်ခဲ့သည့် ပွဲစဉ်အဖြစ်ပြီးခဲ့သည့် စက်တင်ဘာ ၁၂ ရက်က ဗြိတိန်လက်ဝှေ့သမား ကွန်နာဘင်းကိုအနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ခြင်းဖြစ်သည်။

ခရောဖို့ဒ်က “ကျွန်တော် နောက်ထပ် တစ်ပွဲလောက်ပြန်ထိုးသတ်ချင်ပါတယ်။ ထိုးသတ်နိုင် သေးတယ်လို့လဲ ထင်ပါတယ်။ ကျွန်တော် ဂါစီယာနဲ့ မစ်ဒယ်ဝိတ်တန်းမှာ ထိုးသတ်ချင်ပါတယ်။ ဂါစီယာအနေနဲ့လဲ ထိုးသတ်ချင်လိမ့်မယ်လို့ထင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Source of Boxing
Trs : STA

လက်သည်းတွေကပြောနေတဲ့ ခန္ဓာကိုယ်ရဲ့ သတိပေးစကား

မန္တလာဆရာမျိုး

လက်သည်းကို လူအများက အလှအပအတွက်ပဲ စိတ်ဝင်စားတတ်ကြတယ်။ လက်သည်းရှည်သလား၊ တိုသလား။ အရောင်လှသလား။ မလှဘူးလား ဆိုတာမျိုးကိုသာ ကြည့်တတ်ကြတယ်။ တကယ်တော့ လက်သည်းမှာ ဖြစ်လာတဲ့အပြောင်းအလဲတချို့ဟာ ခန္ဓာကိုယ်အတွင်းက ကျန်းမာရေးပြဿနာတစ်ခုကို သဲလွန်စပေးနိုင်တယ်။ လက်သည်းအရောင်ပြောင်းတာ၊ လက်သည်းပါးပြီး လွယ်လွယ်ကျိုးတာ၊ လက်သည်းခွံပေါ် အစင်းကြောင်းတွေပေါ်လာတာ၊ လက်သည်းအလယ်ပိုင်း ခွက်ဝင်လာတာ၊ လက်သည်းနဲ့ လက်ချောင်းထိပ်ပုံသဏ္ဌာန် ပြောင်းလာတာတွေကို ပေါ့ပေါ့ဆဆမထားသင့်ပါ။

ဒါပေမဲ့ လက်သည်းမှာ ပြောင်းလဲမှုတစ်ခုရှိတာနဲ့ ရောဂါကြီးတစ်ခုရှိတယ်လို့လဲ မဆိုနိုင်ပါ။ အသက်အရွယ်၊ အလုပ်အကိုင်၊ လက်သည်းထိခိုက်ဒဏ်ရာ၊ ဆပ်ပြာနဲ့ ဓာတုပစ္စည်းအသုံးများတာ၊ လက်သည်းအလှဆင်ပစ္စည်းတွေ အသုံးပြုတာတွေကြောင့်လဲ လက်သည်းရဲ့အရောင်၊ ပုံသဏ္ဌာန် ပြောင်းလဲမှုတွေရှိနိုင်တယ်။ အရေးကြီးတာက ပြောင်းလဲမှုက တဖြည်းဖြည်း ပိုဆိုးလာသလား။ လက်သည်းအများအပြားမှာ ဖြစ်လာသလား။ အခြားလက္ခဏာတွေနဲ့ တွဲလာသလားဆိုတာကို သတိထားရမှာ ဖြစ်ပါတယ်။

လက်သည်းဖြူဖျော့လာတာကို အရင်ကြည့်ကြပါစို့။ လက်သည်းခွံအောက်က ပန်းရောင်သန်းနေတဲ့အရောင်က အရမ်းဖျော့လာတယ်ဆိုရင် သွေးအားနည်းတာ Anemia ရှိ၊ မရှိ စဉ်းစားရနိုင်တယ်။ အထူးသဖြင့် လက်သည်းဖြူဖျော့တာနဲ့အတူ ပင်ပန်းနွမ်းနယ်တာ၊ မူးဝေတာ၊ နှလုံးခုန်မြန်တာ၊ လေ့ကားတက်ရင်မောတာတွေရှိလာရင် သွေးစစ်ဆေးဖို့လိုနိုင်တယ်။ သွေးအားနည်းတာဟာ သံဓာတ်ချို့တဲ့တာကြောင့် ဖြစ်နိုင်သလို Vitamin B12, Folate ချို့တဲ့တာ၊ သွေးယိုစီးတာနဲ့ နာတာရှည်ရောဂါတချို့ကြောင့်လဲ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် လက်သည်းဖြူဖျော့တယ်ဆိုတာနဲ့ သံဓာတ်အားဆေးကို ကိုယ့်ဘာသာ ဝယ်သောက်တာထက် အကြောင်းရင်းကို သိဖို့ ပိုအရေးကြီးပါတယ်။

နောက်တစ်ခုက Spoon Nail သို့မဟုတ် Koilonychia ဖြစ်တယ်။ ပုံမှန်လက်သည်းက နည်းနည်းဝိုင်းပြီး အပေါ်ဘက်ကို မျက်နှာပြင်တက်နေတတ်တယ်။ Spoon Nail မှာတော့ လက်သည်းအလယ်ပိုင်းက ခွက်ဝင်လာပြီး ဇွန်းသေးသေးလေးလို ဖြစ်လာနိုင်တယ်။ ဒီအပြောင်းအလဲဟာ Iron Deficiency Anemia နဲ့ ဆက်စပ်နိုင်ပေမဲ့ တခြားအကြောင်းရင်းတွေလဲ ရှိနိုင်တယ်။ ဒါကြောင့် Spoon Nail တွေ့တာနဲ့ သံဓာတ်နည်းတယ်လို့ မသတ်မှတ်သင့်ပါ။

လက်သည်းအလွယ်တကူ ကျိုးတာ၊ နှစ်ခြမ်းကွဲတာကိုလဲ လူအများကြုံရတတ်တယ်။ အကြောင်းရင်းက မကြာခဏ လက်ဆေးတာ၊ ဆပ်ပြာ၊ detergent နဲ့ ဓာတုပစ္စည်းတွေနဲ့ ထိတွေ့တာ၊ လက်သည်းအလှပြင်ဆေးတွေကြောင့်နဲ့ အာဟာရမမျှတတာစတာတွေ ဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံ Hypothyroidism လို သိုင်းရွိုက်ဟော်မုန်းနည်းရင်လဲ လက်သည်းခြောက်ပြီး ကျိုးလွယ်လာနိုင်တယ်။ ဒါပေမဲ့ လက်သည်းကျိုးတာတစ်ခုတည်းနဲ့တော့ Thyroid ရောဂါလို့ မဆိုနိုင်သေးပါ။

နောက်ထပ်စိတ်ဝင်စားစရာအချက်က Clubbing ဖြစ်တယ်။ Clubbing မှာ လက်ချောင်းထိပ်ပိုင်းက တဖြည်းဖြည်းကြီးပြီး ဝိုင်းလာတတ်ပါတယ်။ လက်သည်းနဲ့ လက်ချောင်းကြားထောင့်ပုံစံလဲ ပြောင်းလာနိုင်တယ်။ Clubbing ဟာ လက်သည်းအလှပုံစံပြောင်းသွားတာတစ်ခုတည်း မဟုတ်ပါ။ တချို့သော အဆုတ်ရောဂါ၊ နှလုံးရောဂါနဲ့ အခြားအခြေအနေတွေမှာ တွေ့နိုင်တယ်။ အထူးသဖြင့် လက်ချောင်းထိပ်တွေ တဖြည်းဖြည်းဝိုင်းကြီးလာပြီး အသက်ရှူ မဝတာ၊ နာတာရှည်ချောင်းဆိုးတာ၊ ကိုယ်အလေးချိန်ကျဆင်းတာတွေ ပါလာရင် အဆုတ်နဲ့ နှလုံးဆိုင်ရာအခြေအနေတွေကို စစ်ဆေးဖို့ လိုနိုင်ပါတယ်။



လက်သည်းအဝါရောင်ပြောင်းတာကိုလဲ သတိထားသင့်ပါတယ်။ လက်သည်းမှိုပိုးဝင်တာ Fungal Nail Infection မှာ လက်သည်းထူလာတာ၊ အဝါရောင် ဒါမှမဟုတ် အညိုရောင်ပြောင်းတာ၊ ကြွပ်ဆတ်လာတာတို့ ဖြစ်နိုင်တယ်။ အထူးသဖြင့် ခြေသည်းမှာ ပိုအဖြစ်များတယ်။ ဆီးချိုရှိသူ၊ အသက်ကြီးသူ၊ ခြေထောက်စိုစွတ်နေရသူတွေမှာ ပိုတွေ့ရနိုင်တယ်။ လက်သည်းအဝါရောင်ပြောင်းတာကို "သန့်ရှင်းမှုမရှိလို့"လို့ပဲ မယူဆသင့်သလို ဆေးလိမ်းပြီး ကိုယ့်ဘာသာ ကြာကြာထားတာထက် အကြောင်းရင်းကို သေချာစစ်ဆေးသင့်ပါတယ်။

နောက်တစ်ခုက လက်သည်းအပေါ် အဖြူစက်လေးတွေ ဖြစ်တယ်။ လူအများက အဖြူစက်ပေါ်လာရင် "Calcium နည်းလို့"လို့ ထင်တတ်ကြတယ်။ တကယ်တော့ အများအားဖြင့် လက်သည်းအနည်းငယ်ထိခိုက်မှုကြောင့် ဖြစ်တာမျိုး ပိုများတယ်။ ဒါကြောင့် လက်သည်းမှာ အဖြူစက်လေးတွေရှိတာနဲ့ Calcium ချို့တဲ့တယ်လို့ တန်းမသတ်မှတ်သင့်ပါ။

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့အရာက လက်သည်းပေါ် အလျားလိုက် ဒါမှမဟုတ် အလျားဖြတ် အစင်းကြောင်းတွေဖြစ်တယ်။ အသက်ကြီးလာတာနဲ့ လက်သည်းပေါ် အလျားလိုက်လိုင်းသေးသေးလေးတွေ ပေါ်လာနိုင်တယ်။ အများအားဖြင့် အန္တရာယ်မကြီးပါ။ ဒါပေမဲ့ လက်သည်းအများအပြားမှာ အလျားဖြတ်ခွက်လို လိုင်းနက်တွေ ပေါ်လာရင် Beau's Lines လို့ခေါ်နိုင်ပြီး ပြင်းထန်ဖျားနာမှုတစ်ခုဖြစ်ပြီးနောက် ခန္ဓာကိုယ်အပေါ် stress ကြီးကြီးမားမားကျရောက်ပြီးနောက် ဒါမှမဟုတ် အခြားအကြောင်းရင်းတွေကြောင့် လက်သည်းတစ်ကြောင်းက တဖြည်းဖြည်းကျယ်လာတယ်။ အရောင်မညီဘူး။ လက်သည်းပတ်ဝန်းကျင် အရေပြားထိ အရောင်ပြောင်းလာတယ်ဆိုရင် ရှားပါးပေမဲ့ Subungual Melanoma လို့ခေါ်တဲ့ အရေပြားကင်ဆာတစ်မျိုးကို ထည့်စဉ်းစားဖို့လိုနိုင်တယ်။ ဒီလိုအခြေအနေမျိုးကို "လက်သည်းထိခိုက်လို့ပါ"လို့ အချိန်ကြာကြာ မထားသင့်ပါ။

လက်သည်းခွံကွာလာတာကိုလဲ သတိထားသင့်တယ်။ လက်သည်းအောက်က အသားနဲ့ လက်သည်းခွံ ခွာလာတာကို Onycholysis လို့ခေါ်တယ်။ ဒဏ်ရာ၊ မှိုပိုး၊ Psoriasis, Thyroid ပြဿနာနဲ့ အခြားအကြောင်းရင်းတွေကြောင့် ဖြစ်နိုင်တယ်။ လက်သည်းအောက်ထဲမှာ ရေဝင်လွယ်၊ ပိုးဝင်လွယ်တာကြောင့် သန့်ရှင်းစွာ ထားဖို့လိုတယ်။ လက်သည်းပတ်ဝန်းကျင် နီဖောနာကျင်ခြင်း Paronychia ကတော့ လက်သည်းအနားသား ပိုးဝင်ခြင်းနဲ့ ဆက်စပ်နိုင်တယ်။ လက်သည်းကို အရမ်းတိုတိုညှပ်တာ၊ အရေပြားကို ကုတ်ဖြတ်တာ၊ လက်သည်းကို ကိုက်တာတွေက ပိုးဝင်ဖို့ လွယ်စေနိုင်တယ်။ လက်သည်းပတ်ဝန်းကျင် နီတာ၊ ပူတာ၊ ဖောပြီး အရည်၊ ပြည်ထွက်လာရင် သေချာစစ်ဆေးကုသဖို့ လိုနိုင်တယ်။

လက်သည်းအပြောင်းအလဲတွေကို ကြည့်တဲ့အခါ အရေးကြီးတာက လက်သည်းတစ်ချောင်းတည်းလား။ လက်သည်းအများကြီးလားဆိုတာ သတိထားရမှာဖြစ်တယ်။ လက်သည်းတစ်ချောင်းတည်း ပြောင်းလဲတယ်ဆိုရင် ဒဏ်ရာ၊ မှိုပိုး ဒါမှမဟုတ် အဲဒီပြောင်းလဲတဲ့နေရာအလိုက် ပြဿနာတစ်ခုကို ပိုစဉ်းစားရနိုင်တယ်။ လက်သည်းအများအပြား တစ်ပြိုင်နက်ပြောင်းလဲလာတယ်ဆိုရင်တော့ ခန္ဓာကိုယ်တစ်ခုလုံးနဲ့ဆိုင်တဲ့ အကြောင်းရင်းတွေကိုပါ စဉ်းစားရနိုင်တယ်။ ဒါပေမဲ့ လက်သည်းကို ကြည့်ရုံနဲ့ ရောဂါအတိအကျ မသတ်မှတ်သင့်ပါ။ လက်သည်းက သဲလွန်စပေးနိုင်တယ်။ ရောဂါအမည် မပေးနိုင်ဘူးဆိုတာကို မှတ်သားထားသင့်ပါတယ်။

လက်သည်းကျန်းမာရေးအတွက် လက်သည်းနဲ့ လက်သည်းပတ်ဝန်းကျင်ကို သန့်ရှင်းခြောက်သွေ့စွာ ထားသင့်ပါတယ်။ လက်သည်းကို အလွန်တိုတိုမညှပ်ဘဲ သင့်တင့်စွာညှပ်ပါ။ လက်သည်းအနားသား Cuticle ကို အလွန်အကျွံ ဖြတ်တာ၊ ဆွဲဖြုတ်တာကို ရှောင်သင့်ပါတယ်။ ဆပ်ပြာ၊ detergent နဲ့ ဓာတုပစ္စည်းတွေကို အချိန်ကြာကြာထိတွေ့ရသူတွေအနေနဲ့ လက်အိတ်အသုံးပြုတာက အထောက်အကူဖြစ်နိုင်ပါတယ်။

လက်သည်းအလှပြင်ဆေးနဲ့ လက်သည်းအတု အသုံးပြုမှုတွေကြောင့် လက်သည်းထိခိုက်တာ၊ allergy ဖြစ်တာ ဒါမှမဟုတ် ပိုးဝင်တာရှိလာရင် အဲဒီလက်သည်းအလှပြင်တာကို လျှော့သင့်ပါတယ်။

အာဟာရကိုလဲ မျှတစွာစားပေးသင့်ပါတယ်။ လက်သည်းကောင်းဖို့ Biotin ဒါမှမဟုတ် Vitamin အမျိုးမျိုးကို အလိုအလျောက်သောက်ဖို့ မလိုပါ။ တကယ်ချို့တဲ့မှု ရှိ၊ မရှိနဲ့ အခြားအကြောင်းရင်း ရှိ၊ မရှိကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

လက်သည်းတစ်ချောင်းမှာ အမည်းရောင်စင်းအသစ်ပေါ်ပြီး တဖြည်းဖြည်းကျယ်လာတာ၊ လက်သည်းနဲ့ လက်ချောင်းပုံသဏ္ဌာန် သိသိသာသာ ပြောင်းလဲလာတာ၊ Clubbing ဖြစ်လာတာ၊ လက်သည်းအများအပြား ရုတ်တရက်ပြောင်းလဲလာတာ၊ လက်သည်းအနား နီတာ၊ ဖောတာ၊ ပူနာပြီး ပြည်ထွက်လာတာ၊ လက်သည်းကွာလာတာနဲ့အတူ အခြားကျန်းမာရေး လက္ခဏာတွေတွဲလာရင် ဆရာဝန်နဲ့ပြသပြီး စစ်ဆေးမှုခံယူသင့်ပါတယ်။

လက်သည်းတွေဟာ အလှအပအတွက်သာ မဟုတ်ပါ။ တစ်ခါတစ်ရံ ခန္ဓာကိုယ်အတွင်းက အပြောင်းအလဲတွေကို တိတ်တဆိတ်မှတ်တမ်းတင်ထားတဲ့ နေရာတစ်ခုလဲ ဖြစ်နိုင်ပါတယ်။

လက်သည်းဖြူဖျော့တာက သွေးအားနည်းတာကို သတိပေးနေနိုင်တယ်။ လက်သည်းခွက်ဝင်လာတာက Iron deficiency နဲ့ ဆက်စပ်နိုင်တယ်။ လက်ချောင်းထိပ်ဝိုင်းကြီးလာပြီး လက်သည်းပုံစံပြောင်းလာတာက အဆုတ်၊ ဒါမှမဟုတ် နှလုံးဆိုင်ရာပြဿနာတချို့ကို သဲလွန်စပေးနိုင်တယ်။ လက်သည်းအဝါရောင်၊ ထူထူကြွပ်ကြွပ်ဖြစ်လာတာက မှိုပိုးဖြစ်နိုင်တယ်။ လက်သည်းတစ်ချောင်းမှာ အမည်းစင်းအသစ်ပေါ်လာပြီး တဖြည်းဖြည်းပြောင်းလဲလာတာကိုတော့ ပေါ့ပေါ့ဆဆ မထားသင့်ပါဘူး။

ဒါကြောင့် လက်သည်းကို ဖြတ်တဲ့အခါ အရှည်ကိုပဲ မကြည့်ပါနဲ့။ အရောင်ပြောင်းနေသလား။ ပုံသဏ္ဌာန် ပြောင်းနေသလား။ ထူလာသလား။ ပါးလာသလား။ အသစ်ပေါ်လာတဲ့ အမည်းစင်းရှိသလား။ လက်ချောင်းထိပ်ပုံစံပါ ပြောင်းလာသလား။ ခန္ဓာကိုယ်က စကားမပြောတတ်ပေမဲ့ လက္ခဏာတွေနဲ့ ပြောတတ်တာကြောင့် မိမိခန္ဓာကိုယ်က ဖော်ပြနေတဲ့ လက္ခဏာတွေကို ဂရုစိုက်နေထိုင်ပါက ရောဂါကို အချိန်မီကုသနိုင်မှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

ဆွစ်ဇာလန် ကုမ္ပဏီက Skynex လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် Passive RF အာရုံခံကိရိယာများ ပေါင်းစပ်တပ်ဆင်မည်



ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Rheinmetall ကုမ္ပဏီသည် Skynex လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အချက်ပြလှိုင်းလက်ခံစောင့်ကြည့်သည့် Passive RF အာရုံခံကိရိယာများကို ပေါင်းစပ်တပ်ဆင်မည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းနည်းပညာပေါင်းစပ်မှုသည် တာတိုပစ် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သော Skynex ၏ ခြိမ်းခြောက်မှု ထောက်လှမ်းနိုင်စွမ်းကို ပိုမိုတိုးမြှင့်ပေးရန် ရည်ရွယ်ထားသည်။

အမေရိကန်နိုင်ငံ Silvus Technologies ကုမ္ပဏီ၏ Passive RF အာရုံခံကိရိယာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် မောင်းသူမဲ့လေယာဉ်များအပါအဝင် ရေဒီယိုကြိမ်နှုန်း အချက်ပြလှိုင်းများ ထုတ်လွှင့်နေသော ဝေဟင်ပစ်မှတ်များကို ကိုယ်တိုင်အချက်ပြလှိုင်းထုတ်လွှင့်ခြင်းမပြုဘဲ ထောက်လှမ်းနိုင်မည်ဖြစ်သည့်အပြင် ၎င်းပစ်မှတ်များ၏ တည်နေရာကိုလည်း သတ်မှတ်ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အာရုံခံစနစ်၏ တည်နေရာကို ရန်သူက အလွယ်တကူ သိရှိနိုင်သည့်အန္တရာယ် လျော့နည်းစေပြီး စနစ်၏ ရှင်သန်ရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

Passive RF အာရုံခံကိရိယာများသည် အချက်ပြလှိုင်းများကို ကိုယ်တိုင်ထုတ်လွှင့်ခြင်းမပြုဘဲ ရန်သူ၏ ရေဒီယိုကြိမ်နှုန်း အချက်ပြလှိုင်း ထုတ်လွှင့်သည့်အရင်းအမြစ်များကို အချိန်နှင့် တစ်ပြေးညီ ထောက်လှမ်း၍ တည်နေရာသတ်မှတ်ဖော်ထုတ်နိုင်သော စနစ်များဖြစ်သည်။ အဆိုပါစနစ်များကြောင့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ၎င်းတို့၏ အီလက်ထရွန်နစ်အချက်ပြလှိုင်း ထုတ်လွှင့်မှုကို ထိန်းချုပ်ထားနိုင်သည့်အပြင် ခြိမ်းခြောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အချိန်ပိုမိုရရှိစေမည်ဖြစ်သည်။

သမားရိုးကျရေဒါစနစ်များသည် ပစ်မှတ်များကို ထောက်လှမ်းရန် အချက်ပြလှိုင်းများ ထုတ်လွှင့်ရသဖြင့် ရေဒါတပ်ဆင်ထားသည့်နေရာကို ရန်သူက ရှာဖွေဖော်ထုတ်နိုင်သည့် အန္တရာယ်ရှိသည်။ Passive RF အာရုံခံကိရိယာများသည် အချက်ပြလှိုင်းထုတ်လွှင့်မှုမရှိဘဲ စောင့်ကြည့်ထောက်လှမ်းနိုင်သည့်အတွက် ရေဒါစနစ်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး အီလက်ထရွန်နစ် အချက်ပြစောင့်ကြည့်ရေးအစီအမံအဖြစ်လည်း အသုံးဝင်ကြောင်း သိရသည်။

အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးကွန်ရက်များတွင် ပေါင်းစပ်အသုံးပြုပါက ၎င်းအာရုံခံကိရိယာများမှ အချိန်နှင့် တစ်ပြေးညီ ရရှိသောရေဒီယိုကြိမ်နှုန်း သတင်းအချက်အလက်များသည် ပစ်မှတ်ရှာဖွေခြင်း၊ တည်နေရာသတ်မှတ်ခြင်း၊ ခြေရာခံစောင့်ကြည့်ခြင်း၊ ပစ်မှတ်အဖြစ် သတ်မှတ်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် ရလဒ်အကဲဖြတ်ခြင်း ဟူသော စစ်ဆင်ရေး လုပ်ငန်းစဉ်တစ်လျှောက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ Rheinmetall ကုမ္ပဏီ၏ Skynex လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အမြောက်အခြေပြု တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ပြီး ပဲ့ထိန်းဒုံးကျည်များထက် အမြောက်ပစ်ခတ်မှုဖြင့် တုံ့ပြန်ခြင်းက ပိုမိုသင့်လျော်သည့် အခြေအနေများတွင် အသုံးပြုရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

၎င်းစနစ်တွင် တစ်မိနစ်လျှင် ကျည် ၁၀၀၀ ထိ ပစ်ခတ်နိုင်သော စွမ်းရည်ရှိပြီး ပစ်မှတ်ကို အများဆုံး လေးကီလိုမီတာ အကွာအဝေးထိ တိုက်ခိုက်နိုင်သည်။ ထို့ပြင် အချိန်သတ်မှတ်၍ ပေါက်ကွဲချိန်ကို ကြိုတင်သတ်မှတ်နိုင် သော လေထဲတွင် ပေါက်ကွဲသည့်ကျည်များ အသုံးပြုထားသဖြင့် အီလက်ထရွန်နစ်တန်ပြန်နှောင့်ယှက်မှုများ၏ သက်ရောက်မှုကို ခံနိုင်ရည်ရှိပြီး ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်သည်။ ဒုံးကျည်အခြေပြု ကြားဖြတ်တိုက်ခိုက်ရေး စနစ်များနှင့် နှိုင်းယှဉ်ပါက ၎င်းကျည်အမျိုးအစားသည် ဝေဟင်ခြိမ်းခြောက်မှုများကို ဖျက်ဆီးရန် ကုန်ကျစရိတ် ပိုမိုသက်သာသည့် နည်းလမ်းတစ်ခုလည်းဖြစ်သည်။

Skynex လေကြောင်းရန်ကာကွယ်ရေးစနစ်သည် မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များနှင့် ပဲ့ထိန်းစနစ်ပါဝင်သော သို့မဟုတ် ပဲ့ထိန်းစနစ်မပါဝင်သော အမြောက်ကျည်များကို တန်ပြန်တိုက်ခိုက်နိုင်ပြီး အရေးကြီးအခြေခံအဆောက်အအုံများနှင့် တပ်ဖြန့်ချထားသော တပ်ဖွဲ့များ၏ လုံခြုံရေးကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

Rheinmetall to Integrate Silvus Passive RF Sensors Into Skynex Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်ကြည်းတပ်က HADES အဆင့်မြင့်ထောက်လှမ်းရေးလေယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်း



အမေရိကန်ကြည်းတပ်သည် HADES အဆင့်မြင့် ထောက်လှမ်းရေးလေယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့ကြောင်း Interesting Engineering သတင်းဌာနက နိုဝင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်တွင် ယခင်အသုံးပြုခဲ့သည့် တာဘိုပရော့အင်ဂျင်သုံး ISR လေယာဉ်များထက် ပိုမိုမြန်ဆန်စွာ ပျံသန်းနိုင်ခြင်း၊ ပိုမိုဝေးလံသည့် အကွာအဝေးထိ ရောက်ရှိနိုင်ခြင်း၊ ဝန်တင်ဆောင်နိုင်စွမ်း ပိုမိုမြင့်မားခြင်းနှင့် ပိုမိုမြင့်မားသည့် အမြင့်ပေမှ ပျံသန်းနိုင်ခြင်းတို့အတွက် ဒီဇိုင်းထုတ်ထားသည့် ခေတ်မီစီးပွားဖြစ် ဂျက်လေယာဉ်ကိုယ်ထည်ကို အသုံးပြုထားသည်။

အဆိုပါစမ်းသပ်ပျံသန်းမှုကို Fixed Wing Project Office က စက်မှုလုပ်ငန်းမိတ်ဖက် Sierra Nevada Corporation နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပျံသန်းရန် အသင့်ဖြစ်မှုဆိုင်ရာ စိစစ်သုံးသပ်ချက်ကို ပြီးစီးအောင် ဆောင်ရွက်ပြီးနောက် ပျံသန်းမှုကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ယခုစမ်းသပ်ပျံသန်းအောင်မြင်မှုသည် HADES စီမံကိန်းကို မစ်ရှင်စနစ်များ ပေါင်းစပ်တပ်ဆင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စမ်းသပ်ပျံသန်းရေးအဆင့်သစ်သို့ ရောက်ရှိစေခဲ့သည်။

HADES လေယာဉ်ကို ပထမဆုံးအကြိမ် ပျံသန်းနိုင်ရန် အင်ဂျင်နီယာများ၊ စမ်းသပ်ပျံသန်းရေး လေယာဉ်မှူးများနှင့် စနစ်ဒီဇိုင်းရေးဆွဲသူများသည် လေယာဉ်ကိုယ်ထည်ပိုင်း ပြုပြင်မွမ်းမံမှုများ၊ စနစ်ဆိုင်ရာ ဟာ့ဒ်ဝဲပစ္စည်းများ ပေါင်းစပ်တပ်ဆင်မှုနှင့် လေယာဉ်ပျံသန်းနိုင်မှုဆိုင်ရာအခြေခံစံနှုန်းများ ကနဦးစစ်ဆေးအတည်ပြုခြင်းတို့ကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယခုအခါ အမေရိကန်ကြည်းတပ်သည် HADES လေယာဉ်၏ မစ်ရှင်စနစ်များကို ဆက်လက်ပေါင်းစပ်တပ်ဆင်ပြီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို စမ်းသပ်ပျံသန်းမှု အစီအစဉ်ဖြင့် အကဲဖြတ်သွားမည်ဖြစ်သည်။ အဆိုပါအကဲဖြတ်မှုတွင် နယ်ပယ်ပေါင်းစုံမှ အာရုံခံထောက်လှမ်းနိုင်စွမ်းနှင့် အချက်ပြထောက်လှမ်းရေးစွမ်းရည်တို့၏ ထိရောက်မှု၊ စနစ်အချင်းချင်း ပေါင်းစပ်လုပ်ဆောင်နိုင်မှုနှင့် လက်တွေ့စစ်ဆင်ရေးအသုံးပြုရန် အသင့်ဖြစ်မှုတို့ကို စိစစ်သွားမည်ဖြစ်ကြောင်း အမေရိကန်ကြည်းတပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

HADES လေယာဉ်သည် စိန်ခေါ်မှုများရှိသည့် စစ်ဆင်ရေးဒေသများတွင် ပူးတွဲတပ်ဖွဲ့များ၏ စစ်ဆင်ရေးများကို ပံ့ပိုးပေးနိုင်မည့် ခေတ်မီပြီး ရှင်သန်ရပ်တည်နိုင်စွမ်းရှိကာ လိုအပ်သည့်အချိန်တွင် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်သော ဝေဟင်အာရုံခံထောက်လှမ်းရေး စွမ်းရည်တစ်ရပ်ကို အမေရိကန်ကြည်းတပ်ထံ ပေးအပ်နိုင်ရန် ရည်ရွယ်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


HADES လေယာဉ်၏ အရေးပါသည့် အချက်များအနက် တစ်ခုမှာ တာဝေးအကွာအဝေးမှ နက်ရှိုင်းစွာထောက်လှမ်းနိုင်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်သည်။ သမားရိုးကျနည်းဗျူဟာအဆင့် တာဘိုပရော့အင်ဂျင်သုံး ISR လေယာဉ်များသည် အကန့်အသတ်ရှိသည့် စစ်ဆင်ရေးနယ်မြေများအတွင်း ထောက်လှမ်းရေး အချက်အလက်များ စုဆောင်းခြင်းကို အဓိကဆောင်ရွက်ကြသော်လည်း HADES လေယာဉ်ကိုမူ ဝေးလံသည့် အကွာအဝေးများနှင့် စစ်ဆင်ရေးနယ်ပယ်အမျိုးမျိုးအတွင်း ထောက်လှမ်းနိုင်စွမ်း ပိုမိုမြင့်မားစေရန် တည်ဆောက်ထားသည်။

HADES လေယာဉ်၏ မစ်ရှင်စနစ်များတွင် နယ်ပယ်ပေါင်းစုံမှ အာရုံခံထောက်လှမ်းနိုင်သည့် စနစ်များနှင့် အချက်ပြထောက်လှမ်းရေးစွမ်းရည်များ ပါဝင်ကြောင်း သိရသည်။

US Army's HADES spy plane completes first flight, marks major leap in deep-sensing capabilities ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

Commander-in-Chief of Defence Services General Ye Win Oo pays courtesy call on Prime Minister of Lao People's Democratic Republic



Commander-in-Chief of Defence Services General Ye Win Oo pays a courtesy call on Prime Minister of Laos Mr. Saleumxay Kommasith.

Nay Pyi Taw November 4

Commander-in-Chief of Defence Services General Ye Win Oo, who was on a goodwill visit to Lao People's Democratic Republic, paid a courtesy call on Prime Minister of Laos H. E. Mr. Saleumxay Kommasith at the Prime Minister's Office in Vientiane this morning.

Also present at the call together with the Commander-in-Chief of Defence Services were senior military officers from the Office of the Commander-in-Chief, the Myanmar Ambassador to Laos, the Myanmar Military Attache (Army, Navy and Air). The LPDR Prime Minister was accompanied by officials of the Ministry of National Defence of Laos and senior military officers of Lao People's Army.

At the call, deepest congratulations on the Prime Minister's election to the current position on 5 October were expressed and the Myanmar President's cordial talks with the President of LPDR, the Prime Minister, and the National Assembly President on issues that would benefit both countries during his official visit to Laos and the signing of MoUs that would yield better results were recounted. Both sides then cordially exchanged views on peace and stability at the common border areas, promotion of border trade into regional trade, deepening of friendship and cooperation between the governments and armed forces of the two countries, sincere and cordially relations between the two good neighbors and friendly countries based on mutual understanding and friendship during the 71 years of diplomatic relations, Myanmar's expression of its gratitude to Laos for sending relief and rescue teams and aids for victims on humanitarian grounds during the Mandalay earthquake occurred on 28 March 2025, the Myanmar government's energetic anti-online scam and gambling operations by upgrading the Central Supervisory Committee on Combating Telecom Fraud and Online Gambling into a national level organization on 10 December 2025, bilateral cooperation for peace and stability, life safety, and economic development of ethnic peoples of the border areas, protecting the labour rights of the workers at the common border, Myanmar's abidance of the five principles of peaceful coexistence, while maintaining its goodwill relations with its neighbours, the practical efforts of the democratically elected government to realize the people's wishes, which is the current development of the country, Lao support for all-round development undertakings of Myanmar that is achieving peace, stability and progress under the leadership of the government, and the Tatmadaw's safeguarding of Our Three Main National Causes as a national task under the leadership of the government.

After the meeting, the Commander-in-Chief of Defence Services presented a commemorative gift to the Prime Minister.

On arrival at the Lao People's Army History Museum, General Ye Win Oo and his Myanmar Tatmadaw goodwill delegation were welcomed by officials.

First, the General and party viewed historical heritages including arms, ammunition, military uniforms and equipment, communication sets used during the war in Laos, documentaries on the Laotian leaders of the historic battles, and records of the military heroes who fourth with valor, displayed at the museum, with keen interest. Officials gave them a guided tour and brief explanations as the visitors asked questions and discussed points of interest.

The Commander-in-Chief of Defence Services signed the visitor's book, presented gifts and posed for documentary photos.

The museum was established in 1976. It systematically displays historical records of military heroes who fell during the battles for independence and national liberation of Laos and historical military equipment.

100



Commander-in-Chief of Defence Services General Ye Win Oo signs the visitors' book at the Lao People's Army History Museum.



Commander-in-Chief of Defence Services General Ye Win Oo observes an exhibit at the Lao People's Army History Museum.

Top DPRK leader visits shipyard, calls for strengthening naval force

Pyongyang November 4

Kim Jong Un, top leader of the Democratic People's Republic of Korea (DPRK), has visited the Nampho Shipyard, calling for upgrading the country's shipbuilding capacity for a strong naval force, the official Korean Central News Agency reported Wednesday.

Kim, general secretary of the Workers' Party of Korea and president of the State Affairs of the DPRK, made the inspection on Monday.

The report said the key shipyard is pushing ahead with the project to modernize its overall production lines, and is making progress in building a new warship.

"The advanced and hi-tech shipbuilding base is essential for building a powerful naval force which no one can provoke," Kim was quoted as saying during the visit.

Given "the recent geopolitical environment and hostile acts of the enemies," Kim stressed an unprecedented urgency for the DPRK to possess "the most developed and powerful warship."

"We should defend the country, ensure sovereignty and deter all threats," he said.

Xinhua



This photo provided by the Korean Central News Agency (KCNA) on Nov. 4, 2026 shows Kim Jong Un, general secretary of the Workers' Party of Korea and president of the State Affairs of the Democratic People's Republic of Korea (DPRK), visiting the Nampho Shipyard in the DPRK.

Commander-in-Chief of Defence Services General Ye Win Oo meets staff of Myanmar Military Attaché Office in Laos and scholarship trainees, visits landmarks in Vientiane





Commander-in-Chief of Defence Services General Ye Win Oo pays homage to the Buddha image at the Wat Si Saket temple.



Commander-in-Chief of Defence Services General Ye Win Oo makes cash donations for the all-round renovation of the That Luang temple in Vientiane.

Nay Pyi Taw November 4

Commander-in-Chief of Defence Services General Ye Win Oo, who is currently on a goodwill visit to the Lao People's Democratic Republic, accompanied by his wife Daw Nilar, senior military officers from the Office of the Commander-in-Chief, and responsible officials, arrived at the Myanmar Military Attaché (Army, Navy and Air) Office in Vientiane this afternoon. They were welcomed by the Military Attaché and officials.

Next, during the meeting with the staff of the Myanmar Military Attaché Office and scholarship trainees, the Military Attaché, office staff, and trainees first introduced themselves individually.

Following this, the Commander-in-Chief of Defence Services delivered remarks, stating that Myanmar and Laos are good neighbours whose leaders have shared longstanding friendly and close relations. Furthermore, both countries joined ASEAN at the same time and consistently stand by and support each other. He added that the two nations share many similarities in culture and traditions, and maintain friendly, close, and cooperative partnership ties. He highlighted the need for personnel to dutifully carry out their assigned responsibilities in defending and promoting the nation's political, economic, and national interests in their respective sectors. Because military attaché offices play an essential role in supporting inter-state diplomatic relations as well as bilateral military ties, personnel are selected and assigned through tiered vetting based on qualification, morale, and discipline to ensure loyalty in serving the State and the Tatmadaw. He also mentioned that serving abroad provides an opportunity to broaden their children's education and horizons, and this opportunity should be utilized productively.

Addressing the trainees, he stated that they represent an investment in the future human resources of the Tatmadaw, emphasizing the need to master the language they are studying. He urged them to take their studies seriously, apply continuous effort, and effectively utilize the acquired knowledge and technical skills toward national development and bilateral cooperation sectors. He advised them to strive to become dependable assets for the country and to gain valuable insights from international relations throughout their service and study period. He further stressed the importance of strictly abiding by local laws and regulations, understanding and respecting the host country's religious and cultural norms, and emulating positive social habits for the benefit of their own lives, community, and the military. He urged them to live systematically and uphold the dignity of the State and the Tatmadaw by learning the local language, customs, traditions, and laws during their stay, remaining loyal to the State, the Tatmadaw, and their families out of patriotism, alongside giving other necessary guidance.

Afterward, the Commander-in-Chief of Defence Services presented foodstuffs and gift items to the families of the Military Attaché Office and trainees, which were accepted by relevant officials.

Subsequently, the Commander-in-Chief of Defence Services and his delegation paid homage at the That Luang temple in Vientiane, where they viewed the architectural craftsmanship of ancient Buddha images and the systematic preservation of statues of ancient Lao kings within the compound. The Commander-in-Chief then signed the guest book, made cash donations for the all-round renovation of the temple—for which officials issued a certificate of honor—and toured the site.

Next, the Commander-in-Chief of Defence Services and delegation visited Wat Si Saket, home to ancient architecture and Buddha images, where they paid homage. They paid respects to the President of the Central Buddhist Fellowship Organization of Laos and Sangharaja of Laos, Maha Ahjan Yai Mahaved Masenai, supplicated on religious affairs, and offered alms.



Commander-in-Chief of Defence Services General Ye Win Oo presents gift for families of the Military Attaché Office and scholarship trainees.

Following this, they toured the compound, observing the systematic preservation of palm-leaf manuscripts and scriptures in the ancient Pitaka library, as well as Lao Buddhist art and historic heritage. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Defence Services Commander-in-Chief General Ye Win Oo attends dinner in his honour hosted by Lao Deputy Minister for National Defence and Chief of General Staff Dept



Commander-in-Chief of Defence Services General Ye Win Oo speaks words of appreciation at the honorary dinner.

Nay Pyi Taw October 4

Deputy Minister for National Defence and Chief of the General Staff Department of the Lao People's Democratic Republic Lieutenant General Saichay Kommasith and wife hosted a dinner in honour of the Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services General Ye Win Oo and his wife at the hall of the CROWNE PLAZA HOTEL on the evening of 3 November.

The dinner was attended by the Commander-in-Chief of Defence Services together with his wife Daw Ni Lar, senior military officers from the Office of the Commander-in-Chief and the Myanmar Military Attache (Army, Navy and Air), The Lao Deputy Minister and Chief of the General Staff was accompanied by his wife, senior officers from the Lao People's Army and officials.

First, the General and his wife arrived at the venue of the dinner, where they were welcomed and greeted by the Deputy Minister of National Defence of Laos and the Chief of the General Staff and his wives.

A dinner was subsequently held, during which the Lao Deputy Minister of National Defence and the Chief of the General Staff delivered welcoming remarks, and the Commander-in-Chief of Defence Services responded with words of appreciation. They then enjoyed the dinner together. Before and during the dinner, the cultural troupe of the Lao People's Army entertained the guests with musical performances and dances.

After the dinner, the General and wife presented the flower basket to the cultural troupe of the Lao People's Army and posed for documentary photos. 100

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) underway

Systematic ongoing demolition of a six-storey building used in online gambling operations in Shwe Kokko Part-II.



Before demolition.







Demolition using heavy machinery.

Nay Pyi Taw November 4

In cooperation with neighboring and regional countries, the government has been taking measures to completely eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security, and systematically carried out total eradication of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, demolition of two 6-storey illegal buildings used in online scams and gambling, left to be dismantled and being knocked down mechanically in Shwe Kokko (Part-II) completed up to 90 percent and 60 percent respectively today.

Out of 63 buildings to be dismantled in Shwe Kokko (Part-II), detonation of four buildings and mechanical demolition of another four buildings have completed and the remaining 55 buildings are scheduled for systematic demolition.

The government has effectively cracked down on online scams and gambling as a national responsibility. 100

Einme Township plans to grow more than 34,000 acres of black gram

Einma November 4

A total of 34,624 acres of black gram will be cultivated during the winter crop season in Einme Township, Ayeyawady Region, according to the Maubin District Agriculture Department.

Einme Township has set a target of cultivating 34,624 acres of winter black gram this year, with planting scheduled to begin in the first week of November.

"More than 34,000 acres of black gram are planned to be cultivated in Einme Township during this year's winter crop season.

Most local farmers in Einme Township will begin planting winter crops in November.

The Agriculture Department has made systematic arrangements to ensure that the cultivation targets for winter crops, including black gram, are met. It will also continue providing necessary assistance to ensure the successful growth of the planted winter crops and improve their yields," said Daw Khin Htay Myint of the Maubin District Agriculture Department.

To ensure that the cultivation targets for winter crops, including black gram, are achieved in Einme Township this year, local farmers, the Agriculture Department, agricultural companies, the Irrigation and Water Utilization Management Department, and the Agricultural Research Department are working together.

Kyaw Kyaw Lin



A thriving black gram plantation.



အဖိုးတန်ရေချိုကို ချွေတာကြပါစို့

သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...
သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...
သင့်ဘဝ သန့်ရှင်းကျန်းမာလုပစေဖို့...
နေ့စဉ်နှင့်အမျှ ရှားပါးလာသော
အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

ပေါင်မြို့နယ် ကန်ဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



ပေါင် နိုဝင်ဘာ ၄

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဖြူကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ခု ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရငွေပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးကျော်ကျော်လတ်၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်နှင့် ဝန်ထမ်းများက ကန်ဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည် ပေ ၁၃၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၂ ဒသမ ၆ သန်းဖြင့် တင်ဒါအောင်မြင်သော လင်းလက်သစ္စာကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၆ ခုနှစ် ဇူလိုင်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကန်ဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်က ထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည် ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဗျာပုံ နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဗျာပုံမြို့နယ်ကနေ ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးသလဲထိုး ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လဲ မှာယူနေပါတယ်။ ကုန်ချိန်အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေ အပါအဝင် ငါးအရောင်းအဝယ်နဲ့ ဆက်စပ်တဲ့သူတွေလဲ အဆင်ပြေနေပါတယ်"ဟု ဗျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ အပါအဝင် ရေထွက်ကုန်များ တင်ပို့မှု အားကောင်းလာသည့် အတွက် ကုန်တင်ယာဉ်အငှား လိုက်သူများ၊ ရေလုပ်သားများနှင့် ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

တို့ဈေး–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား၊ ဗိယင်ကျန်းမြို့ရှိ အထင်ကရနေရာများကို သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၄

လာအိုနိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ၎နိုး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဗိယင်ကျန်းမြို့ရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးသို့ ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံရာ ဦးစွာ စစ်သံမှူး၊ စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ-လာအိုနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများရှိခဲ့ကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့သို့ တစ်ချိန်တည်းဝင်ရောက်ခဲ့ကြသည့် နိုင်ငံများဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းပြင် မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ များစွာတူညီကြပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် ချစ်ကြည်ရင်းနှီးမှုဖြင့် ကောင်းမွန်သောဆက်ဆံရေးရှိသည့် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူရသည့် ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသားအကျိုးစီးပွားကိုကာကွယ်မြှင့်တင်ရာတွင် ပေးအပ်သည့်တာဝန်များကိုကျေပွန်စွာတာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ စစ်သံရုံးသည် နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် သံတမန်အရ အထောက်အကူပြုနိုင်ရန်နှင့် တပ်မတော်အချင်းချင်းဆက်ဆံမှုတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သဖြင့် တာဝန်ပေးအပ်ရာတွင်လည်း အရည်အချင်း၊ စိတ်ဓာတ်စည်းကမ်းအရ အဆင့်ဆင့်စိစစ်၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ အမှုထမ်းနိုင်သူများကို ရွေးချယ်တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်ပတွင် တာဝန်ထမ်းဆောင်ခွင့်ရခြင်းဖြင့် သားသမီးများ၏ ပညာရေးနှင့် အသိအမြင်ကျယ်ကျယ်ပြန့်ပြန့်မြင့်တင်ပေးနိုင်မည်ဖြစ်၍ အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း။

သင်တန်းသားများအနေဖြင့် တပ်မတော်၏ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်၍ သင်ယူနေသောဘာသာစကားကိုကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ သင်ကြားပေးသည့်အတတ်ပညာများကို အလေးအနက်ထားသင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံအတွက် အားကိုးရသည့်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် တာဝန်ထမ်းဆောင်ချိန်နှင့် သင်တန်းကာလ တစ်လျှောက်တွေ့ကြုံရသည့် နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံကောင်းများကို ကောင်းမွန်စွာရရှိရေး လေ့လာသင်ယူသွားရန်လိုကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် စည်းကမ်းများကိုလည်း တိကျစွာလိုက်နာစောင့်ထိန်းရန်နှင့် ၎င်းတို့၏ ဘာသာ၊ယဉ်ကျေးမှုစံနှုန်းများကိုသိရှိပြီး လေးစားတန်ဖိုးထားကြရန်လည်းလိုကြောင်း၊ မိမိဘဝအတွက်၊ မိမိလူမှုအဖွဲ့အစည်းအတွက်နှင့် မိမိတပ်မတော်အတွက် ပတ်ဝန်းကျင်မှ ကောင်းမွန်သောအလေ့အထများကို အတုယူကျင့်ကြံသွားရန်လိုကြောင်း၊နေထိုင်စဉ်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကိုကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားရန်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကိုသိရှိအောင် လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့်တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျနေထိုင်သွားကြရန်လိုကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုအပေါ်သစ္စာစောင့်သိကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗိယင်ကျန်းမြို့ရှိ That Luang ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များ၏ ဗိသုကာအနုပညာလက်ရာများ၊ လာအို ဘုရင်ဟောင်းများ၏ရုပ်တုများကို စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘုရားကျောင်းဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်၎နိုး ဒေါ်နီလာ ဗိယင်ကျန်းမြို့ရှိ That Luang ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်၎နိုး ဒေါ်နီလာ မြန်မာစစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းပေ့ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့်ဇနီးတို့က နိုဝင်ဘာ ၃ ရက်ညပိုင်းတွင် CROWNE PLAZA HOTEL ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းပေ့ခံသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ)တို့တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ညစာစားပွဲကျင်းပရာနေရာသို့ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ထို့နောက် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့က တေးသံသာများ၊ အကပဒေသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းပေ့ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

❑ ဂါရဝပြုတွေ့ဆုံမှု

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် အောက်တိုဘာ ၅ ရက်မှစ၍ တာဝန်တိုးမြှင့်ထမ်းဆောင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် လာအိုနိုင်ငံသို့ ဇူလိုင်လအတွင်း တရားဝင်ခရီးစဉ်လာရောက်ခဲ့ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ၊ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကြား အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအကျိုးရှိစေရန်အတွက် နားလည်မှုစာချွန်လွှာများကိုလည်း ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဒေသတွင်း ကုန်သွယ်မှုများထိတိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုသက်တမ်း ၇၁ နှစ်တာကာလအတွင်း အပြန်အလှန်နားလည်မှု၊ ချစ်ခင်ရင်းနှီးမှုတို့ဖြင့် ကောင်းမွန်သောဆက်ဆံရေးဖြင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းအဖြစ် ရိုးသားပွင့်လင်းစွာဆက်ဆံခဲ့မှုအခြေအနေများ၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများစေလွှတ်ပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားတိုက်ဖျက်မှုကြီးကြပ်ရေးဗဟိုကော်မတီကိုလည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းခဲ့ပြီး အင်တိုက်အားတိုက် တိုက်ဖျက်လျက်ရှိမှု၊ နယ်စပ်ဒေသတိုင်းရင်းသားများ၏ တည်ငြိမ်အေးချမ်းမှု၊ ဘဝလုံခြုံမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုများအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးမဆုံးရှုံးစေရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကောင်းမွန်အောင်နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြိုး ငါးရပ်နှင့် အညီ ရပ်တည်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုတိုးတက်ရရှိလာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် ထောက်ခံအားပေးမှုအခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ အထိမ်းအမှတ်တံဆိပ်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် လာအိုစစ်ပွဲအတွင်း အသုံးပြုခဲ့သောလက်နက်၊ ခဲယမ်းများနှင့် စစ်ဝတ်အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများ၊ လာအိုနိုင်ငံ၏သမိုင်းဝင်တိုက်ပွဲများတွင် ဦးဆောင်ခဲ့ကြသည့် ခေါင်းဆောင်များ၊ ရဲဝံ့စွန့်စားစွာတိုက်ခိုက်ခဲ့ကြသည့် သူရဲကောင်းစစ်သည်များ၏ မှတ်တမ်းများစသည့် သမိုင်းဝင်အမွေအနှစ်များကို စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး လက်ဆောင်ပစ္စည်းပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါစစ်သမိုင်းပြတိုက်ကို ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်များတွင် ကျဆုံးခဲ့ရသည့်စစ်သည်သူရဲကောင်းများ၏ သမိုင်းကြောင်းများနှင့် စစ်ဘက်ဆိုင်ရာ သမိုင်းဝင်ပစ္စည်းများကို စနစ်တကျခင်းကျင်းပြသထားရှိသည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဗီယင်ကျန်းမြို့ရှိ စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

ထိရောက်စွာ အရေးယူပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှ-ဆင်တဲကုန်းလမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှမြို့နယ် မင်းလှ-ဆင်တဲ ကုန်းလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှစီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ ကတ္တရာလမ်း ၃ မိုင် ၁ ဒသမ ၈၅ ဖာလုံအနက် သုည‌မိုင်နှင့် ၂ မိုင် ၃ ဖာလုံကြား ၂ မိုင် ၃ ဖာလုံ လမ်းပိုင်းမှာ မိုးများပြီး ရေတိုက်စားထား၍ သွားလာရခက်ခဲလျက်ရှိပါကြောင်း။

အဆိုပါကတ္တရာလမ်းပိုင်း ၂ မိုင် ၃ ဖာလုံအနက် မင်းလှမြို့အထွက် သုည‌မိုင်မှစ၍ ၃ ဒသမ ၅ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးမဓိုးလောင်ဝိး၏ **လဟယ်မြို့နယ် တိုက်ရံချောင်းတွင် ဆိုင်ကယ်ကူးကြိုးတံတားကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လဟယ်မြို့နယ် လဟယ်-တိုက်ရံ-ဝေါင်ညိုနောင်-ရောင်ဖွန်လမ်းပေါ်ရှိ တိုက်ရံချောင်းကူးတံတားသည် အလျား ပေ ၃၀၀၊ အကျယ် လေးပေရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျေးရွာများမှ သစ်သား၊ မျော၊ ဝါးများဖြင့် ကိုယ်အားကိုယ်ကိုးတည်ဆောက်ထားသော ကြိုးတံတားတစ်စင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ဆိုင်ကယ်နှင့် လူများသွားလာရန် ခက်ခဲလျက်ရှိပါကြောင်း။

လတ်တလော သွားလာမှုအဆင်ပြေစေရန် ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကြုံတင်လေ့လာမှုကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီသော ဒီဇိုင်းကိုရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အရ ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **အများပြည်သူဆိုင်ရာ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းကို ပွင့်လင်းမြင်သာစွာချပြရန်နှင့် စီမံကိန်းများပြောင်းလဲပါက လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၀ အရ ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ လိုအပ်သော စီမံကိန်းများရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၀၂ နည်းဥပဒေခွဲ(ဂ)အရ ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရေးဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်သည့် စီမံကိန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူပြီးဖြစ်သည့်အပြင် အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြပြီးဖြစ်သည့်စီမံကိန်းများဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အများပြည်သူနှင့် သက်ဆိုင်သည့် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများ တည်နေရာပြောင်းလဲခြင်းနှင့် လုပ်ငန်းအမျိုးအစား၊ စံချိန်စံညွှန်းပြောင်းလဲခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများပွင့်လင်းမြင်သာစွာ သိရှိစေနိုင်ရန်အတွက် ပြောင်းလဲမည့်လုပ်ငန်း၊ စီမံကိန်းအပေါ်မူတည်၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထံ အသိပေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **အင်းတော်ကြီးအိုင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏အဖိုးတန် သဘာဝအရင်းအမြစ်များ၊ ဂေဟစနစ်များနှင့်ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းတော်ကြီးကန်သည် နိုင်ငံတကာအသိအမှတ်ပြုထားသည့် အရေးပါသောသဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သကဲ့သို့ ကျဉ်ပြည်နယ်၏ အထင်ကရဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်းတော်ကြီးကန်နှင့် ရေဝေရေလဲဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် တရားမဝင် ရွှေတူးဖော်မှုများ လျော့နည်းပပျောက်စေရန် ကျဉ်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘေးမဲ့တောအတွင်း တရားမဝင်ရွှေတူးဖော်မှုများကိုလည်း သက်ဆိုင်ရာဥပဒေများနှင့်အညီ တားဆီးအရေးယူပြီး အင်းတော်ကြီးကန်၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက်စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်ရှိ ကျေးရွာအုပ်စု ရှစ်စုမှ ကျေးရွာ ၂၂ ရွာအနက် အင်းငယ်ကျေးရွာမှာ လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်ပါကြောင်း၊ ကျန်ကျေးရွာ ၂၁ ရွာအနက်မှ သိမ်ကုန်းကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၃ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ရွှေပုထိုး(မြောက်)ကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁ ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၂ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားပြီးဖြစ်သဖြင့် အဆိုပါကျေးရွာအတွက် လျာထားရန်ကျန်ရှိသည့် ၁၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၇၅ မိုင်နှင့် ကျန်ကျေးရွာ ၁၉ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၇ ဒသမ ၄၈ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာ ခုနစ်လုံး၊ ၁၀၀ ကေဗွီအေထရန်စဖော်မာ ၂၂ လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၁ ဒသမ ၆ မိုင် တည်ဆောက်ခြင်းတို့ကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ကျေးရွာစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ရပ်ကွက်(၁)၊ (၂)၊ (၃) တို့တွင် နေထိုင်သူများအတွက် အင်းမြေဂရန်အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့တွင် မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်ရှိပြီး အဆိုပါရပ်ကွက်များသည် မြို့မြေပြန်တမ်းများအရ ရပ်ကွက်အဖြစ် ဖွဲ့စည်းထားရှိသော်လည်း ယနေ့အချိန်ထိအမှတ်(၁)နှင့် အမှတ်(၂) ရပ်ကွက်တို့ကိုသာ မြို့မြေကွက်အဖြစ် ၁၉၀၅-၁၉၀၆ ခုနှစ်ကတည်းက မြေတိုင်းတာမှုရှိခဲ့ပြီး အမှတ်(၃)၊ အမှတ်(၄)နှင့် အမှတ်(၅)ရပ်ကွက်တို့မှာ ယနေ့အချိန်ထိ မြို့မြေကွက်များအဖြစ် တိုင်းတာသတ်မှတ်ခဲ့ခြင်း မရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ကွက်စိပ်တိုင်းတာပြီးသည့် မြို့ပေါ်ရပ်ကွက်များမှ မြေများကို လူနေထိုင်ရန်နှင့် စက်မှု၊ စီးပွားမြေငှားဂရန်များအတွက် အမှတ်(၁)ရပ်ကွက်တွင် ၉၃ ဦး၊ အမှတ်(၂)ရပ်ကွက်တွင် ၃၁၆ ဦး၊ အမှတ်(၃)ရပ်ကွက်တွင် နှစ်ဦး စုစုပေါင်း ၄၁၁ ဦးတို့ကို ခွင့်ပြုထုတ်ပေးထားခဲ့ပြီးဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့တွင် မြို့မြေကွက်များအဖြစ် ကွက်စိပ်မြေတိုင်းတာထားမှုမရှိခြင်း၊ မြို့အဖြစ်သတ်မှတ်ထားပြီး တိုးချဲ့ရပ်ကွက်များအဖြစ် ဖွဲ့စည်းသတ်မှတ်ထားရှိခဲ့သော်လည်း သက်ဆိုင်ရာမူလမြေမျိုးကို လူနေထိုင်ရန် မြို့မြေအဖြစ်မြေအသုံးချခွင့်ကို ဆောင်ရွက်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လူနေထိုင်ရန်အတွက် အသုံးပြုသောမြေသည် လယ်ယာမြေ သို့မဟုတ် စားကျက်မြေအမျိုးအစားဖြစ်ပါက မြို့မြေအသုံးပြုနိုင်ရန် အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ မြေအမျိုးအစားအလိုက် အခြားနည်း အသုံးပြုခွင့်များ ရယူဆောင်ရွက်ပြီးမှ သာလျှင် မြို့မြေကွက်မြေတိုင်းတာခြင်းလုပ်ငန်း စီမံချက်ရေးဆွဲ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ပြီး မြို့မြေကွက် မြေပုံများရရှိအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့ပေါ်ရှိရပ်ကွက်များတွင် နေထိုင်ကြသော မိဘ၊ ဘိုးဘွားအစဉ်အဆက်အနေကြာသူများ၏ မြေယာပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် မြို့မြေအမျိုးအစားပေါ်တွင် နေထိုင်ကြသည့် ရပ်ကွက်နေပြည်သူများမှ အင်းမြေဂရန်ရရှိရန် မြေပေးမိန့်သော် လည်းကောင်း၊ မှတ်ပုံတင်ထားသည့် အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့်သော်လည်းကောင်း၊ တရားရုံးအမိန့် ဒီဂရီစသည်ဖြင့်လည်းကောင်း၊ မြေစာရင်းပုံစံ (၁၀၅)၊(၁၀၆) များဖြင့် လာရောက်လျှောက်ထား လာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ရရှိရေး အချိန်နှင့်တစ်ပြေးညီ ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း မြို့မြေကွက်တိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ခိုးရာပါပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့် ဥပဒေ ၃/၁၉၈၆ ဖြင့် ထိရောက်စွာအရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ယာယီနေရပ်စွန့်ခွာနေထိုင်ကြသော ပြည်သူများ၏ အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများစွာ ခိုးယူခံရပြီး နောက် ခိုးရာပါပစ္စည်းများ ရောင်းဝယ်ခြင်းကိစ္စနှင့် ပတ်သက်၍ နစ်နာသူကာယကံရှင်များက သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းများတွင် အမှုဖွင့်လှစ်တိုင်ကြားမှုများကို အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယားပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အရေးယူဆောင်ရွက်မှု သုံးမှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အရေးယူဆောင်ရွက်မှု တစ်မှု၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ ရာဇသတ်ကြီးပုဒ်မ ၃၇၀ ဖြင့် အရေးယူဆောင်ရွက်မှု တစ်မှု၊ စုစုပေါင်း ငါးမှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၁၉၈၆ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းထားသည့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကိုအရေးယူသည့် ဥပဒေသည် ဥပဒေကခွင့်မပြုသော စီးပွားရေးလုပ်ငန်းမှဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်ပြီးရရှိသောဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့်အညီ အခွန်များကိုပေးဆောင်ခြင်းမပြုဘဲ ထိန်ချန်ထားသော ဝင်ငွေဖြင့်ဖြစ်စေရရှိသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်ပါကြောင်းနှင့် ယာယီနေရပ်စွန့်ခွာနေထိုင်ကြရသော ပြည်သူများ၏အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများကို ခိုးယူမှု၊ ခိုးရာပါပစ္စည်းများ လက်ခံရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပါပြဋ္ဌာန်းချက်များဖြင့်သာ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်၏ **"မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာပညာသင်ကြားနိုင်ရေးအတွက် "ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေးမူဝါဒ(Zero-Tolerance Anti-Bullying and School Safety Policy" ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း အဆို"**ကို တင်သွင်းရာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးကျော်စန်းဦးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ် ၁၄၃/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို **စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန** အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

ပန်ဆန်း နိုဝင်ဘာ ၄



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ်၁/၂၀၂၆ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက်တွင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် ပန်ဆန်းမြို့သို့သွားရောက်ခဲ့ရာ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့် အဆင့်မြင့်ခေါင်းဆောင်များပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အစိုးရသစ်လက်ထက်တွင် ပန်ဆန်းသို့ ဒုတိယအကြိမ်မြောက် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ “ဝ” ဒေသရှိ ပြည်သူများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများဖြစ်ပြီး ပြည်ထောင်စုက ခွဲမထွက်ဘဲ(၂၀၀၈ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေအား လိုက်နာဆောင်ရွက်မည်ကို သိရှိရသည့်အတွက် ဝမ်းသာပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများကိုလက်မခံဘဲ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ကာ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နှစ်ပေါင်း ၃၀ ကျော် ငြိမ်းချမ်းရေးတည်ဆောက်ထားရှိပြီးဖြစ်သည့်အတွက် ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ပြီးခဲ့သည့်ဆွေးနွေးပွဲတွင် မိမိတို့၏နိုင်ငံရေးဆန္ဒကိုဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့်(၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကာ ပြည်ထောင်စုက ခွဲထွက်မည်မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းမှု မူဘောင်အတွင်းမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေးပွဲမှ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကိုညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်နိုင်စေရေး ကိစ္စရပ်တို့ကို နစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိပြီး ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဝန်ထမ်းများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ငွေများပေးအပ်ကာ ဗဟိုလေ့ကျင့်ရေးကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမ၊ ကွန်ပျူတာစာသင်ခန်း၊ သင်တန်းသူအိပ်ဆောင်၊ ငွေနှင်းမှိုစိုက်ပျိုးထားရှိမှု၊ ပျိုးဥယျာဉ်၊ Green House များတွင် ရာသီသီးနှံပင်များစိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ၊ ယန္တရားကြီးများနှင့် ထောက်ပံ့ပစ္စည်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်ကာ ရုံးဝင်းအတွင်းရှိ ယာဉ်၊ ယန္တရားကြီးများကြိန်ခိုင်မှုနှင့်ထိန်းသိမ်းထားရှိမှု၊ ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျှော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂလာနိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

မင်္ဂလာ နိုဝင်ဘာ ၄

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင်္ဂလာမြို့၌ နိုဝင်ဘာ ၃ ရက်မှ ၄ ရက်ထိ ကျင်းပသည့် စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂလာနိုင်ငံတကာ အဆင့်မြင့် ညီလာခံသို့ တက်ရောက်ခဲ့သည်။



အဆိုပါညီလာခံသို့ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ လာအို၊ ကမ္ဘောဒီးယား၊ အီရန်၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ နိုင်ငံတကာ သုတေသီများနှင့် ပညာရှင်များ စုစုပေါင်းကိုယ်စားလှယ် ဦးရေ ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသည့် ညီလာခံဖွင့်ပွဲအခမ်းအနား၌ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Organization for Security and Co-operation in Europe (OSCE)၊ Collective Security Treaty Organization (CSTO)၊ Shanghai Co-operation Organization(SCO)နှင့် Commonwealth of Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များနှင့်ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားခဲ့ကြသည်။

ဘယ်လာရုစ်နိုင်ငံသမ္မတက မိန့်ခွန်းပြောကြားရာတွင် မင်္ဂလာနိုင်ငံတကာ အဆင့်မြင့် ညီလာခံသည် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ယူရေးရှားသည် ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုများနှင့် ကမ္ဘာ့ဘာသာတရားများ ပေါထွန်းရာနေရာဖြစ်ပြီး မတူညီသောယဉ်ကျေးမှုများနှင့် လူမျိုးများကြား ထောင်စုနှစ်များစွာ အပြန်အလှန် ဆက်ဆံထိတွေ့လာခဲ့သည့် သမိုင်းကြောင်းရှိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိ အကြီးမားဆုံးသော သယံဇာတအရင်းအမြစ်များနှင့် လူဦးရေ အများစုတည်ရှိရာ နေရာလည်းဖြစ်ပါကြောင်း၊ ယူရေးရှားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မျိုးဆက်သစ်များထံသို့ ကြောက်ရွံ့မှုနှင့် သံသယများကင်းစင်သည့် ကမ္ဘာကြီးတစ်ခုကို ပုံဖော်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် စုပေါင်းညီညွတ်သော ယူရေးရှားဒေသဖြစ်လာစေရန် လိုလားပါကြောင်း၊ ယူရေးရှားဒေသ၏ လုံခြုံရေးသည် အားလုံးနှင့်သက်ဆိုင်ပြီး ခွဲခြား၍ မရနိုင်သော ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မည်သူမျှ (အနောက်ကမ္ဘာဖြစ်စေ၊ အရှေ့ကမ္ဘာဖြစ်စေ) တစ်ဦးတည်းအနေဖြင့် ဤလုံခြုံရေးကို အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးနိုင်မည် မဟုတ်သောကြောင့် ဤတာဝန်ကို အားလုံးကပူးတွဲထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မိန့်ခွန်းပြောကြားရာတွင် လက်ရှိကမ္ဘာ့လုံခြုံရေးကဏ္ဍတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်နေရချိန်၌ ယူရေးရှားဒေသရှိ နိုင်ငံများအနေဖြင့် ပြိုင်ဆိုင်မှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများထက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးသည့် လုံခြုံရေးဆိုင်ရာ လမ်းကြောင်းကို ကိုယ်တိုင်ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "၂၁ ရာစု မတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ရိုးစနစ်ဆိုင်ရာ ယူရေးရှား ပဋိညာဉ်စာတမ်း" ရေးဆွဲမှုကိုကြိုဆိုပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ စည်းမျဉ်းများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့နှင့်အညီ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံအားလုံး၏ ဘုံအနာဂတ်အတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးမှု၊ အပြန်အလှန်လေးစားမှုနှင့် ညီမျှသည့်မိတ်ဖက်ဆောင်ရွက်မှုတို့အပေါ် အခြေခံသော ပွင့်လင်းမှု၊ ဟန်ချက်ညီမှုနှင့် အားလုံးပါဝင်နိုင်သော လုံခြုံရေးဗိသုကာတစ်ရပ်ပေါ်ထွက်ရေးကို မြန်မာနိုင်ငံအနေဖြင့် အခိုင်အမာထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးမျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် အစိုးရတစ်ရပ်ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် အဓိကရည်မှန်းချက်နှစ်ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် လူကုန်ကူးမှုများ စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တိုက်ဖျက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတက်ရောက်စဉ်ကာလအတွင်း နိုဝင်ဘာ ၃ ရက်တွင် ရုရှပိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)အတွင်းရေးမှူးချုပ် မစ္စတာ ရှူလန် ယာမတ် ဘာယက်ဗ်နှင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့နှင့်လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင်ရူဇန်ကော့ဗ်နှင့်လည်းကောင်း၊ ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗန်နီဒီကော့ဗ်နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO) အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ရှူလန် ယာမတ်ဘာယက်ဗ်နှင့် တွေ့ဆုံရာတွင် ဒေသတွင်းငြိမ်းချမ်းရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် SCO တို့ကြား ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး၊ SCO ၏ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော် မူခင်းတိုက်ဖျက်ရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှုကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံအနေဖြင့် SCO တွင် တင်းပြည့်အဖွဲ့ဝင် နိုင်ငံဖြစ်ရေးအတွက် ထောက်ခံပေးရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အခြေခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်း မျက်နှာစာများတွင်လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်နှင့်တွေ့ဆုံရာတွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူညီမျှမှုကို အစဉ်အမြဲထောက်ခံပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးကို နေပြည်တော်တွင် စတင်ဖွင့်လှစ်ထားရှိမှု၊ နှစ်နိုင်ငံကြား နိုင်ငံရေး၊ စီးပွားရေးအပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ ယူရေးရှားပဋိညာဉ်ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နီဒီကော့ဗ်နှင့်တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး၊ ပညာရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး အပါအဝင် နိုင်ငံတော်သမ္မတ၏ ၂၀၂၆ ခုနှစ် သြဂုတ်လ ရုရှားနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များကြား ဆွေးနွေးခဲ့မှုများကို ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မှ သင်တန်းသားများစေလွှတ်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင်္ဂလာ နိုင်ငံတကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် တတိယအကြိမ်နှင့် ယခု ၂၀၂၆ ခုနှစ်တွင် "Navigating International Disorder in the Spirit of cooperation: Can We Solve the Eurasian Security Puzzle" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့်မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန်လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm)တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း)တို့ကို ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် နိုဝင်ဘာ ၃၀ ရက်ထို အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm)အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများသက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် နိုဝင်ဘာ ၃၀ ရက်ထို အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့်သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း)ကို ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် နိုဝင်ဘာ ၃၀ ရက်ထို အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၄

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြား နေသည့် ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်စဉ်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ မျိုးချစ်ခေါင်းဆောင်ကြီးများ၊ နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များမျိုးချစ်စိတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များတိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျောင်းပြင်ပ အသိပညာဗဟုသုတများစွာ ရရှိစေရန်နှင့် သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကိုစာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကိုပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ အဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"စစ်သမိုင်းပြတိုက်ကို လေ့လာရတဲ့အတွက် အဓိကအားဖြင့်တော့ ကျွန်တော်တို့ တပ်မတော်ကြီးရဲ့ သမိုင်းအစဉ်အလာအရ ဖြစ်ပေါ်လာတဲ့ပုံတွေ အရေးပါတဲ့ သမိုင်းမှတ်တမ်းမှတ်ရာတွေကို လက်တွေ့



ရော၊ စာတွေ့ရော လေ့လာခဲ့ရပါတယ် ခင်ဗျ။ အဆောင်တွေခွဲပြီးတော့ ပြသထားတဲ့ ပြခန်းတွေဆီရောက်တယ်။ ကျွန်တော်တို့မသိသေးတဲ့အရာတွေကိုလဲ ဗဟုသုတအနေနဲ့ ရှင်းပြပေးပါတယ်။ ဒီလိုမျိုး ကျောင်းသားတွေအများကြီးကို ဖိတ်ခေါ်ပြီးတော့ လေ့လာခိုင်းတဲ့အတွက်လဲ အလွန်ကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ကျွန်မတို့ ဒီမြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတွေလဲသိရတယ်။ ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့တဲ့သူတွေ၊ မြန်မာနိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းခဲ့တဲ့သူတွေအတွက်လဲ အားလုံးကိုလေ့လာခွင့်ရတဲ့အတွက် အရမ်းဝမ်းမြောက်မိပါတယ်။ သမီးလေ့လာခဲ့တာဆိုလို့ရှိရင် လက်နက်တွေ၊ လေယာဉ်ပျံကြီးတွေ ဒီထဲမှာပြသခဲ့တဲ့ ရုပ်ရှင်လဲကြည့်ခဲ့ရတယ်။



ဒီသမိုင်းပြတိုက်မှာရှိတဲ့ တာဝန်ရှိသူတွေရော ဆရာ၊ဆရာမတွေရော လိုက်ပို့ပေးတဲ့သူတွေရော ပို့ဆောင်ပေးတဲ့သူတွေ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုမျိုးလေ့လာခွင့်ရတဲ့အတွက်လဲ အရမ်းကို ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

(၅၀၁)

၄-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၇ ~ ၃၆၇၀	၅၁၇ ~ ၅၁၇.၈	၁၂၅.၃ ~ ၁၂၅.၅	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၅,၈၈၃,၂၈၂.၄၆	၆,၃၃၆,၂၀၃.၄၀	၃၆,၇၃၇,၇၇၄.၆၇	

သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရှာ နိုင်ငံသား၏။

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၁၀ ပေသာကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၉၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိရာနယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့်ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက စာသင်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။





❍ ဘိလိယက်နှင့်စနူကာပြိုင်ပွဲမှ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပလျက်ရှိသည်။

ယနေ့ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး စနူကာ 6-Red, စနူကာ 15-Red နှင့် 9 Ball Pool ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ကောင်းဇံထက်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်ကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်ကို လေးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်ကို လေးပွဲ နှစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထို့အတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခေါ်ဆန့်က မွန်ပြည်နယ်အသင်းမှ ဝင်းမာလာအောင်ကို ငါးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဝါဝင်းက မွန်ပြည်နယ်အသင်းမှ သန္တာတိုးအောင်ကို ငါးပွဲ နှစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက်**(ယနေ့)** နံနက် ၁၀ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်၍ အားကစား၀ါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

✱ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု

အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသမှုကို အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆီးနှင့် ကျောက်ကပ်ကုသမှုနှင့်ခွဲစိတ်ကုပါရဂူများ၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုသမှုပါရဂူများ၊ မွေ့ဆေးပါရဂူများ၊ အထူးကြပ်မတ်ကုသမှု ပါရဂူများနှင့် ကျွမ်းကျင်သူနာပြုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ခွဲစိတ်ကုသရာတွင် တပ်မတော်ဆေးတပ်ဖွဲ့မှ ဆေးကုသရေးအဖွဲ့ပါရဂူကြီးများနှင့် တာဝန်ရှိသူအသီးသီးက စိတ်ရင်းစေတနာပြည့်ဝစွာ ဆောင်ရွက်ခဲ့ကြသဖြင့် ခွဲစိတ်ကုသမှုအောင်မြင်ပြီး လူနာနှင့် ကျောက်ကပ်အလှူရှင်များ၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းနှင့် လိုအပ်သည့် ဆေးဝါးကုသပြုစုမှုများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ကုသပေးလျက်ရှိသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ခွဲစိတ်ကုသပေးခြင်း ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းကို အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပထမဆုံးအကြိမ်စတင် ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့ ခွဲစိတ်မှုအပါအဝင် အတွဲပေါင်း ၃၀၀ ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

● လေ့လာရေးလာရောက်မှ

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ သီရိလင်္ကာ၊ ဗီယက်နမ်၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ရုရှား၊ ကနေဒါ၊ အီတလီ၊ ဩစတြေးလျ၊ တောင်ကိုရီးယား နိုင်ငံတို့မှလာရောက်ခဲ့ကြပြီး နောက်ရက်များတွင်လည်း နိုင်ငံပေါင်းစုံမှ ခရီးသွားဧည့်သည် ၇၀ ကျော်ခန့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေ့လာရေးလာရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများသည် ပုဂံဒေသ၏နေထွက်၊နေဝင်ချိန်အလှ၊ Hot Air Balloons များစီး၍ ပုဂံဒေသအလှအပများကို ကောင်းကင်ယံမှကြည့်ရှုခြင်းနှင့် မြင်းလှည်း၊ e bike စီး၍လည်း လည်ပတ်လေ့လာကြသည်။ ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ခရီးသွားဧည့်သည်များသည် ပုဂံဒေသရှိ နှစ်ပေါင်းထောင်ချီသက်တမ်းရှိသည့် ဘုရားတည်ဆောက်ပုံများ၊ နံရံဆေးရေးပန်းချီများ၊ ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံတည်ဆောက်ထားမှု ဗိသုကာပညာရပ်များကိုလည်း လေ့လာကြကြောင်း၊ ခရီးသွားများ ဝင်ရောက်လာမှုနှင့်အတူ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။



သုံးရေချွေတာသုံးစွဲရေး နှိုးဆော်ချက်

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။



အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် လေးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတို့ကိုဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။









ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ခြောက်ထပ် အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဟန်ဝင်းအောင်၊ ဦးဖြိုးဇော်စိုး၊ ဦးမျိုးကျော်သူ၊ ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား ၈၅ ကီလိုတန်း၊ ၉၅ကီလိုတန်းနှင့် +၉၅ ကီလိုတန်း အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မနော်အယ်ကညောဂျော့၊ အကောင်းဆုံး အမျိုးသားအားကစားသမားဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းမှ မောင်ထက်အာကာဖြိုး၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စုပေါင်းပြိုင်ပွဲများ၌ စံချိန်သစ်များတင်နိုင်ခဲ့သည့် အားကစားသမားများနှင့် အမျိုးသမီး ၆၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလား (Trophy)နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသမီး ၆၉ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများ၊ အမျိုးသမီး ၇၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများ၊ အမျိုးသား ၈၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများ၊ အမျိုးသား ၉၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ အမျိုးသား +၉၅ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများနှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲတွင် ရမှတ် ၁၅၉ မှတ်ဖြင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲတွင် ရမှတ် ၁၇၀ ဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရမှတ် ၃၁၁ မှတ်ဖြင့် စုပေါင်းတံခွန်စိုက် ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ပြိုင်ပွဲကာလ ခုနှစ်ရက်ကြာဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ၅ သင်း၊ ပြိုင်ပွဲဝင်ဦးရေ ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။



ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး အောင်ဇော်မင်းခန့်ကို လွှဲပြောင်းပေးအပ်မှုမှတ်တမ်းဓာတ်ပုံ။



တရားခံ ပြည့်ဖြိုးအောင် ခေါ် အိုးစည်၊ အားဖျင် ခေါ် ကျော်မြင့်လွင်၊ သန်းစိုးအောင် ခေါ် ကိုစိုင်း၊ ညီညီဦး၊ မြတ်မင်းခန့် ခေါ် ငမောင်၊ ကျော်နိုင်ဦး ခေါ် ဦးကျော် (နောက်ဝဲမှယာ)၊ အောင်နိုင်မြင့် ခေါ် ပြုံးချို၊ မျိုးထွန်း ခေါ် သန်းတင်အောင်၊ အောင်ဆန်းဦး ခေါ် ကိုအောင်၊ သန်းထွေး ခေါ် ကိုထွေး၊ နိုင်ဦး ခေါ် ကိုဦး၊ အားဟွာ ခေါ် ရန်ကျွမ်းကျဲ ခေါ် သန်းကျော်၊ စိုင်းဝမ်းလှိုင်း ခေါ် အားရန်နှင့် အားဝူး ခေါ် လောက်ဝူး(ရှေ့ဝဲမှယာ) တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၆ သိန်းနှင့်အတူ တွေ့ရစဉ်။

တစ်ရပ်အနေဖြင့်ချမှတ်ပြီး ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခြင်း၊ နောက်ကွယ်မှ ကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ဆက်စပ်တရားခံပြေးများကို အိမ်နီးချင်းနိုင်ငံများ၊ MoU အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပူးပေါင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး ၁၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး တစ်ဦးတို့ကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုကဲ့သို့ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေး



တရားခံ နိုင်ဦး ခေါ် ကိုဦးနှင့် သန်းထွေး ခေါ် ကိုထွေးတို့ကို သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) တစ်ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၉ ဒသမ ၄၉၅၃၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ အဓိက စီမံခန့်ခွဲသူမှာ



တရားခံ ညီညီဦးကို သိမ်းဆည်းရမိသည့် ဘိန်းဖြူ ၇ ဒသမ ၉၂ ကီလိုနှင့်အတူ တွေ့ရစဉ်။



တရားခံ ဉာဏ်အောင်လင်းထွန်းကို သိမ်းဆည်းရမိသည့် ဘိန်းဖြူ ၇ ဒသမ ၇၇၆ ကီလိုနှင့်အတူ တွေ့ရစဉ်။

စိတ်ကြွဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း)တစ်ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၉ ဒသမ ၄၉၅၃၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ အဓိက စီမံခန့်ခွဲသူမှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ထွက်ခွာသွားကြောင်း သိရှိရ၍ ၃-၂-၂၀၂၆ ရက်တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)သို့ သတင်းဖလှယ်ပေးပို့ခဲ့သည်။

ထိုသို့သတင်းဖလှယ်ချက်အရ ၄-၁၀-၂၀၂၆ ရက်တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)နှင့် လူဝင်မှုကြီးကြပ်ရေးဗျူရိုတို့ ပူးပေါင်းအဖွဲ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဟိုင်ဇွမ်ခရိုင်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို ၃-၁၁-၂၀၂၆ ရက် ည ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)မှ တာဝန်ရှိသူများ Mr. Kanison Papernon ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အုပ်ချုပ်သူများ၊နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မကွေးဇုန်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က နေပြည်တော်ဇုန်ကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က နေပြည်တော်ဇုန်ကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ တစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးဇုန်က ရှမ်းဇုန်ကို လေးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ် အတွဲလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်း(၂)ဇုန်က မန္တလေးဇုန်ကို သုံးပွဲ နှစ်ပွဲဖြင့်အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးဇုန်က ဧရာဝတီဇုန်ကို နှစ်ပွဲ တစ်ပွဲဖြင့်အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က ရန်ကုန်ဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ဧရာဝတီဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ကြက်တောင် အတွဲလိုက်အနေဖြင့် ဧရာဝတီဇုန်က မကွေး(၂)ဇုန်ကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း ရရှိဗိုလ်စွဲခဲ့ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲများကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများကို

◆ **ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲမှ**

Recreation Centre(RC)နှင့်အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)တို့တွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအသင်းများအလိုက်

ကျက်သရေရှိစွာ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် တက္ကသိုလ်များကို ဒေသအလိုက် စစ်ကိုင်းဇုန်၊ နေပြည်တော်ဇုန်၊ မကွေးဇုန်၊ မန္တလေးဇုန်၊ မွန်ဇုန်၊ ရန်ကုန်ဇုန်၊ ရှမ်းဇုန်နှင့် ဧရာဝတီဇုန်ဟူ၍ ဇုန် ရှစ်ခု ခွဲကာ ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်စသည့် အားကစားနည်း ခြောက်မျိုး အားကစားသမား ၃၉၂ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

ကချင်တိုင်းရင်းသားရိုးရာကောက်သစ်စားပွဲတော်နှင့် ယဉ်ကျေးမှုဖလှယ်ပွဲကို မြစ်ကြီးနားမြို့ရှိ စီတာပူမနောကွင်းတွင် ကျင်းပမည်



ယခင်နှစ်က ကချင်ရိုးရာကောက်သစ်စားပွဲတော်ကို တွေ့ရစဉ်။

မြစ်ကြီးနား နိုဝင်ဘာ ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ စီတာပူမနောကွင်းတွင် ကချင်တိုင်းရင်းသားရိုးရာကောက်သစ်စားပွဲတော်နှင့် ယဉ်ကျေးမှုဖလှယ်ပွဲကို နိုဝင်ဘာ ၁၅ ရက်နှင့် နိုဝင်ဘာ ၁၆ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးနေဝင်းထံမှ သိရသည်။

အဆိုပါ ကချင်တိုင်းရင်းသားရိုးရာကောက်သစ်စားပွဲတော်နှင့် ယဉ်ကျေးမှုဖလှယ်ပွဲသို့ ကချင်ပြည်နယ်အတွင်းရှိ ဌာနေကချင်တိုင်းရင်းသား မျိုးနွယ်စုများ၊ အခြားတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ တက်ရောက်ဆင်နွဲကြမည်ဖြစ်ကြောင်း သိရသည်။

"ကချင်တိုင်းရင်းသားတွေဟာ ကောက်သစ်စားပွဲတော်ကို ကောက်ဦးစပါး ပေါ်ချိန်ကာလတွေမှာ နှစ်စဉ်ကျင်းပလေ့ရှိတာဖြစ်ပါတယ်။ ကောက်သစ်စားပွဲတော်ကို အင်လုံအင်နန်ရှားပွဲလို့ ခေါ်ဆိုကြပါတယ်။ ရိုးရာကောက်သစ်စားပွဲနဲ့ ကောက်သစ်ဦးကြိုဆိုတဲ့အခမ်းအနားတွေကို ကချင်ပြည်နယ် နေရာအနှံ့အပြားမှာ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေအရ နှစ်စဉ် ကျင်းပလေ့ရှိကြပါတယ်။ ဒါ့ပြင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို ထုတ်ဖော်ဖလှယ်ပြသတဲ့အနေနဲ့ ရိုးရာအကပဒေသာ ဖျော်ဖြေပွဲကိုလဲ ကျင်းပသွားမှာဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးနေဝင်းက ပြောပြ၍ သိရသည်။

ASH

Sacrament ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်လီဗင်းက တာဝန်ယူရိုက်ကူးမည်

နယူးယောက် နိုဝင်ဘာ ၄

Apple Original films ကုမ္ပဏီ၏ Sacrament အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်လီဗင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Sacrament ဇာတ်ကားတွင် မင်းသား ဒမ်ဆန်အိုင်းဒရစ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ထုတ်လုပ်သူတစ်ဦးအဖြစ်လည်းတာဝန်ယူမည်ဖြစ်သည်။

Sacrament ဇာတ်ကားသည် ထွက်ပြေး လွတ်မြောက်နေသည့် သူခိုးတစ်ဦးကို ခြေရာခံရှာဖွေနေသည့် ချီကာဂိုရဲအရာရှိဟောင်းနှစ်ဦး၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Sacrament ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အန်ဇီမီလက်တီနှင့် စကော့ဝီဆင်တို့က ရေးသားပေးထားကြောင်း သိရသည်။

Sacrament ဇာတ်ကားစတင် ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Apple Original films ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





ဗေဒါရီ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို သဃ်နိုးကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

တော်ဝင်နန်းစံရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက ရိုက်ကူးထုတ်လုပ်မည့် ဗေဒါရီ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် နိုဝင်ဘာ ၃ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗေဒါရီ ရုပ်သံဇာတ်လမ်းတွဲကို ယွန်းသခင်က ရေးသားထားပြီး ယွန်းသခင်နှင့် ဝီရမေတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ထက်ကြီး (ပေါက်ကွဲသည်)က တော်ဝင်နန်းစံရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးအတွက် တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"မိသားစုတွေရဲ့ ဖြစ်တတ်တဲ့ သဘောသဘာဝတွေ ရိုမန့်တစ်လဲ ပါမယ်။ တကယ်တော့ မထင်မှတ်ထားတဲ့ဇာတ်ရဲ့ အလှည့်အပြောင်းလေးတွေပါပါမယ်။ ဗေဒါရီဆိုတဲ့ ဇာတ်မို့ သူ့ရဲ့အဆောင်နေကျောင်းသား၊ ကျောင်းသူလေးတွေရဲ့ ဘဝအကြောင်းအရာလေးတွေပါမှာပါ။ ပရိသတ်တွေအတွက် အကောင်းဆုံး ရိုက်ကူးပုံဖော်မှာမို့ ဇာတ်ကားထွက်လာရင် ကြည့်ပေးပါအုံးလို့ပြောချင်ပါတယ်" ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် ကောင်းမြတ်စံက ပြောပြသည်။



ဗေဒါရီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ခန့်စည်သူ၊ ကောင်းမြတ်စံ၊ ရဲအောင်၊ကိုကိုလင်းမောင်၊ နေနော်၊ ၄ာက်ပျောကြော်၊ ထက်လင်း၊ ဝေလု၊ မြတ်ကေသီအောင်၊ ဆောင်းသီရိစံ၊ ပွင့်နဒီမောင်၊ လင်းလက်ခွန်းချို၊ လှမျိုးသန္တာနွယ်၊ သုန္ဒေဦး၊ အေးသီတာ၊ နှိုင်းယှဉ်မြင့်မိုရ်၊ သူဇာပွင့်၊ အေးအေးအောင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

Throttled ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး မိုင်ရာမက္ကင်နာဘရူ ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၄

Amazon MGM စတူဒီယို၏ Throttled ရုပ်ရှင်ဇာတ်ကားတွင် အင်္ဂလိပ်မင်းသမီး မိုင်ရာမက္ကင်နာဘရူ ပါဝင်လာကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Throttled ဇာတ်ကားတွင် မင်းသမီး မိုင်ရာမက္ကင်နာဘရူသည် မင်းသမီး နစ်ကိုးဝဲလ့၊ မင်းသား ဂျို့ဟူစတန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Throttled ဇာတ်ကားသည် Formula One ကားမောင်းပြိုင်ပွဲကို ဇာတ်အိမ်ဖွဲ့နောက်ခံထားသည့် ဒရာမာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားကို စာရေးဆရာ လော်ရင်အက်ရှာ၏ Dirty Air ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Throttled ဇာတ်ကားကို ဒါရိုက်တာ ဇင်ဂါစတီးဝပ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ မယ်လစ်ဆာအော့စဘွန်းက တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Throttled ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် တိတ်တခိုး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၄

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် တိတ်တခိုး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို နိုဝင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိတ်တခိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မင်းကိုစိုး (နတ်သံကွင်း)က ရေးသားထားပြီး တွဲဖက် ဒါရိုက်တာ နေလင်းနှင့် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) တို့က ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေး အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားကြီးမှာ တော့ ကိုခင်လှိုင်က အဓိက သရုပ်ဆောင်အနေနဲ့ ပါဝင်မှာဖြစ်သလို ထူးထူးခြားခြား သဘင်လောကမှာ အောင်မြင်မှုရနေတဲ့ ဇာတ်မင်းသမီး နိုးစိန်တို့၊ လူရွှင်တော် ဖြိုးဖြိုးတို့ကို အဓိကဇာတ်ဆောင်အနေနဲ့ တွေ့ရမှာပါ။ ကိုခင်လှိုင်ကလဲ သဘင်လောက၊ အငြိမ့်လောက ကလာခဲ့တဲ့ ထိပ်တန်းသရုပ်ဆောင် တစ်ယောက်ဆိုတော့ ထူးခြားမှု တွေရှိနေမှာပါ"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ပြောပြသည်။

အဆိုပါ တိတ်တခိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ခင်လှိုင်၊ စည်ဖြိုး၊ ဖြိုးဖြိုး၊ ကွမ်းသီး၊ မေမြတ်နိုးခင် (နိုးစိန်) နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။ ASH

ဝါအထွက်နှုန်းကောင်းမွန်ဖို့ ကိုင်းဖြတ်နည်းစနစ်ဖြင့်စိုက်ပျိုးစို့

နော်အဲလင်း(စိုက်ပျိုးရေး)

ဝါစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရန် အရေးကြီးသကဲ့သို့ ခေတ်ကာလအရ ဈေးကွက်ရရှိရန်အတွက် အရည်အသွေးစံချိန်မီရန်လည်း မဖြစ်မနေလိုအပ်သည်။ ဝါမှရသောဝါဂွမ်းအရည်အသွေးကောင်းမှသာလျှင် ဝါဂွမ်းမှထုတ်လုပ်သော ချည်ထည်များသည်လည်း ဝတ်ဆင်သူအကြိုက် လှပပြီး အရည်အသွေးပြည့်ဝသည့် အထည်အလိပ်များအဖြစ် ဈေးကွက်သို့ထိုးဖောက်နိုင်မည်။ အထွက်နှုန်းရော အရည်အသွေးပါ စံချိန်မီသောဝါခင်းကြီးဖြစ်လာစေရန်ဆောင်ရွက်ရမည့် သားခွဲခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်း၊ မြေတောင်မြောက်ခြင်းနှင့် ကြားထွန်ဝင်ခြင်း၊ ရေသွင်းရေထုတ်စီမံခန့်ခွဲခြင်း၊ မြေဩဇာကျွေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်းနှင့် အပင်ကြီးထွားမှုထိန်းညှိခြင်း၊ ကိုင်းဖြတ်ခြင်းဟူသော အပင်ပြုစုခြင်းနည်းပညာ အဓိကအချက်ခုနစ်ချက်ရှိသည်။ ၎င်းတို့အနက် ငွေကုန်ကြေးကျနည်းပြီး ဝါပိသာချိန်ကို သိသိသာသာတိုးတက်စေသည့်အပြင် ဂွမ်းမျှင်အရှည်နှင့်အရည်အသွေးကိုပါ တစ်ပြိုင်နက်တည်းကောင်းမွန်စေသည့် နည်းလမ်းကောင်းတစ်ခုမှာ အပင်ကြီးထွားမှုထိန်းညှိခြင်းနှင့် ကိုင်းဖြတ်ခြင်းဟူသော ဝါပင်ပုံသွင်းခြင်းနည်းပညာပင်ဖြစ်သည်။

ဝါပင်ပုံသွင်းခြင်းနည်းပညာ

ဝါစိုက်ပျိုးရာတွင် အထွက်နှုန်းမြင့်မားရေးနှင့် ဂွမ်းမျှင်အရည်အသွေးကောင်းစေရန် ကိုင်းဖြတ်ခြင်းစနစ်နှင့် အပင်ကြီးထွားမှုထိန်းညှိဆေးသုံးစွဲခြင်းစနစ်တို့ကိုပေါင်းစပ်၍ ဝါပင်၏ကြီးထွားမှုပုံသဏ္ဌာန်၊ စိုက်ခင်းအတွင်း လေဝင်လေထွက်နှင့်နေရောင်ခြည်ဖြတ်သန်းမှုတို့ကို စနစ်တကျထိန်းညှိစီမံပေးသည့် စိုက်ပျိုးရေးဆိုင်ရာ ဇီဝကမ္မဗေဒအတတ်ပညာတစ်ရပ်မှာ ဝါပင်ပုံသွင်းခြင်းနည်းပညာပင်ဖြစ်သည်။ ဝါပင်၏ ပင်မထိပ်ညွှန့်နှင့် အကျိုးမဖြစ်ထွန်းသော ကိုင်းများကို ဖြတ်တောက်ဖယ်ရှားခြင်း၊ အပင်တွင်းဟော်မုန်းမျှခြေကို ပြောင်းလဲပေးသည့်ဓာတုဆေးများပက်ဖျန်း၍ ထိန်းချုပ်ခြင်းတို့ကိုအသုံးပြုသည်။ ဤနည်းစနစ်သည် ဝါပင်အထက်ပိုင်းသို့ အာဟာရဓာတ်များအလဟဿရောက်ရှိပြီး အပင်အလွန်အမင်းရှည်တက်သွားမှုကို တားဆီးပေးသည့်အပြင် စုပ်ယူရရှိသမျှသော ရေနှင့် မြေဩဇာအာဟာရအားလုံးကို အသီးသီးမည့်ဘေးကိုင်းများဖြာထွက်လာစေရန်နှင့် ဝါသီးများဆီသို့တိုက်ရိုက်ထိရောက်စွာရောက်ရှိသွားစေရန် ရည်ရွယ်သည့် အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာပင်ဖြစ်သည်။

ကိုင်းဖြတ်ခြင်းစနစ်


ကိုင်းဖြတ်ခြင်းစနစ်တွင် ဝါပင်အညွှန့်ဖြတ်ခြင်းနှင့်ဘေးကိုင်းဖြတ်ခြင်းဟူ၍ အဓိကလုပ်ငန်းစဉ်နှစ်မျိုးပါဝင်သည်။ ၎င်းတို့သည် ဝါပင်၏ကြီးထွားမှုကို စနစ်တကျထိန်းညှိပုံသွင်းပေးပြီး အာဟာရဓာတ်များကို အသီးဆီသို့တိုက်ရိုက်ရောက်ရှိစေရန် ရည်ရွယ်ချက်ချင်းတူညီကြသဖြင့် နည်းစနစ်နှစ်ခုစလုံးကို အသုံးပြုခြင်းသည် အထွက်နှုန်းနှင့်အရည်အသွေးနှစ်ရပ်စလုံးကို ရရှိစေနိုင်သည်။

ဝါပင်အညွှန့်ဖြတ်ခြင်း

သဘာဝအတိုင်းကြီးထွားနေသောဝါပင်၏ ပင်မထိပ်ဖျားအညွှန့်သည် အပင်အထက်သို့ မြင့်မားကြီးထွားမှုကိုအားပေးသည့် အောက်ဆင်ဟော်မုန်းကို ထုတ်လုပ်ပေးလေ့ရှိပြီး ထိုဟော်မုန်းသည် အောက်ခြေရှိဘေးကိုင်းများကြီးထွားမှုကို ဖိနှိပ်ထားသည်။ အညွှန့်ဖြတ်လိုက်သောအခါ အောက်ဆင်ဟော်မုန်းစီးဆင်းမှုသည် ချက်ချင်းရပ်တန့်သွားပြီး အမြစ်မှတစ်ဆင့် ဘေးကိုင်းထွက်ရှိမှုကို လှုံ့ဆော်ပေးသည့် ဆိုက်တိုကိုင်နင်ဟော်မုန်းစီးဆင်းထုတ်လုပ်မှုကို တန်ပြန်မြင့်တက်လာစေသည်။ ဤကဲ့သို့ အပင်တွင်းဟော်မုန်းမျှခြေသည် စနစ်တကျပြောင်းလဲသွားခြင်းကြောင့် အပင်သည် အထက်သို့မြင့်တက်သွားမည့်လမ်းကြောင်းကို ပိတ်ဆို့နိုင်ခဲ့ပြီး အပင်မှစုပ်ယူရရှိသမျှသော ရေနှင့်အာဟာရဓာတ်အားလုံးကို အသီးသီးမည့်ဘေးကိုင်းများဖြာထွက်ဖွံ့ဖြိုးလာစေရန်နှင့် ဝါသီးများဆီသို့တိုက်ရိုက်ရောက်ရှိသွားစေရန် ဇီဝကမ္မဗေဒအရ လမ်းကြောင်းလွှဲပြောင်းပုံသွင်းပေးနိုင်သည်။

အညွှန့်ဖြတ်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရန် စိုက်ခင်းအတွင်းဆင်း၍ ဝါပင်သက်တမ်းသည် စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ မှ ၉၀ အတွင်း ရှိ၊ မရှိ၊ အပင်၏အမြင့်သည် သုံးပေခွဲမှ လေးပေသို့ လေ့ရှိသည်။

ပထမလုပ်ငန်းအနေဖြင့် အပင်ပေါက်ပြီး ရက်ပေါင်း ၄၀ မှ ၄၅ ရက်ခန့်(ဖူးပွင့်စပြုချိန် အစောပိုင်း)တွင် အသီးမသီးဘဲ အပင်၏အာဟာရနှင့်ရေဓာတ်များကိုသာ စုပ်ယူစားသုံးတတ်သည့် အကျိုးမဖြစ်ထွန်းသောကိုင်းများကို ပင်စည်မှ အနည်းငယ်ခွာ၍ ခား သို့မဟုတ် ကတ်ကြေးဖြင့် တိတိကျကျဖြတ်တောက်ပစ်ရမည်။ ဤသို့ အာဟာရဖြုန်းတီးမှုကို ဖြတ်တောက်လိုက်ခြင်းဖြင့် အပင်၏အင်အားအားလုံးသည် အသီးသီးမည့်ကိုင်းများဆီသို့ တိုက်ရိုက်ရောက်ရှိသွားပြီး ဝါသီးတင်နှုန်းကို သိသိသာသာတိုးတက်စေသည်။



ဝါပင်ပုံသွင်းခြင်း

ဒုတိယလုပ်ငန်းအနေဖြင့် အပင်သက်တမ်းနောက်ပိုင်း ဝါသီးများ စတင်ရင့်မှည့်ပွင့်လာချိန်တွင် အပင်အောက်ခြေပိုင်းရှိ အဝါရောင်သန်းနေသော အရွက်အိုများ၊ နေရောင်ခြည်ကောင်းစွာမရသဲ့ အပင်အတွင်းပိုင်းကိုအုပ်ဆိုင်းနေသည့် အရွက်ကြီးများနှင့် အသီးမတင်တော့သည့် အောက်ခြေကိုင်းဖျားများကို ရွေးချယ်ဖြတ်တောက်ပေးရမည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် စိုက်ခင်းအတွင်း လေဝင်လေထွက်နှင့် နေရောင်ခြည်ဖြတ်သန်းမှုကို ပိုမိုကောင်းမွန်စေသဖြင့် အောက်ခြေရှိဝါသီးများ မှိုစွဲခြင်းနှင့်ပုပ်ခြင်းမှ ကာကွယ်ပေးသည့်အပြင် ဝါသီးများ ညီညာစွာ ရင့်မှည့်ပွင့်အာလာစေသည်။

ကိုင်းဖြတ်ရာတွင် ကိုင်းဖြတ်စွန်းနေရာများမှ တစ်ဆင့် မှိုနှင့် ဘက်တီးရီးယားရောဂါပိုးများ ဝင်ရောက်ခြင်းမရှိစေရန် မိုးရွာသောနေ့ကို ရှောင်ကြဉ်၍ နေသာသောနေ့တွင် အပင်အလန်းဆန်းဆုံးဖြစ်သည့် နံနက်ခင်း သို့မဟုတ် ညနေခင်း အေးမြချိန်တွင်သာ ဖြတ်တောက်ရမည်။ အသုံးပြုသည့် ခားနှင့်ကတ်ကြေးများကိုလည်း အပင်တစ်ပင်မှတစ်ပင်သို့ ကူးစက်ရောဂါများမပြန့်ပွားစေရန် ဆေးဝါး သို့မဟုတ် အယ်ကိုဟောဖြင့် စနစ်တကျပိုးသတ်သန့်စင်ပြီးမှသာ အသုံးပြုရမည်။ အရေးကြီးဆုံးအချက်မှာ ပင်မပင်စည်၏ ထိပ်ဖျားအညွှန့်တစ်နေရာတည်းကိုသာဖြတ်ရန်နှင့် ဘေးမှထွက်နေသည့် အသီးကိုင်းအညွှန့်များကို လုံးဝမဖြတ်မိစေရန်၊ ဘေးကိုင်းဖြတ်ရာတွင် အသီးသီးမည့်ဘေးကိုင်းများကို မှားယွင်းဖြတ်တောက်ခြင်းမဖြစ်စေရန် အထူးဂရုစိုက်ရမည်။

အကျိုးကျေးဇူးများ

အပင်ပုံသွင်းခြင်းနည်းပညာကို အသုံးပြုခြင်းဖြင့် အောက်ခြေကိုင်းနှင့် ဘေးကိုင်းများတွင် ဝါသီးတင်နှုန်းသည် သဘာဝအတိုင်းပစ်ထားသောအပင်များထက် သုံးဆခန့် ပိုမိုများပြားလာစေသည့်အပြင် ဝါသီးတစ်လုံးချင်းစီ၏ အလေးချိန်ကိုလည်း တိုးလာစေသည်။ ဝါဂွမ်းအထွက်နှုန်းကို ၁၅ ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းခန့်ထိ မြင့်တက်စေသည်။ အညွှန့်ဖြတ်စနစ်သုံးစွဲခြင်းဖြင့် မာလီနိုင်ငံ၌ ၂၅ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံ၌ ၁၉ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၉ ဒသမ ၄ ရာခိုင်နှုန်းထိ အထွက်နှုန်းပိုမိုမြင့်မားစေသည်။ ထို့ပြင် အောက်ခြေပိုင်းရှိ ဝါသီးများမှိုစွဲခြင်းနှင့် လေထုစိုထိုင်းဆကြောင့် ပုပ်၍ပျက်စီးခြင်းကို ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိ ထိရောက်စွာလျှော့ချပေးနိုင်သည်။ ဝါပင်ထိပ်ဖျားအညွှန့်နုများကို ဖြတ်တောက်ပေးခြင်းအားဖြင့် သီးလုံးဖောက်ပိုးကောင်ကျရောက်မှုကို ၅၆ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းထိ သိသိသာသာလျှော့ချပေးနိုင်သည်။

ဝါသီးများ တစ်ပြိုင်နက်ညီတူညီမျှရင့်မှည့်လာကာ ဂွမ်းမျှင်အရှည်ကို ပိုမိုရှည်လျားကောင်းမွန်စေသည်။ ဝါပင်များသည် သဘာဝအတိုင်း ရှစ်ရက်မှ ၁၀ ရက်ခန့် အချိန်စောစောရင့်မှည့်ပွင့်လာတတ်သဖြင့် ဆောင်းဦးပိုင်းမမိခင်မှာပင် အထည်အလိပ်လုပ်ငန်းများတွင် အရည်အသွေးအမြင့်ဆုံးအဖြစ် သတ်မှတ်သည့်အရောင်အသွေး ဖြူဖွေးသန့်ရှင်းပြီး အရောင်မပျက်သော ဝါဂွမ်းစံချိန်ကောင်းကို အချိန်မီခူးဆွတ်သိမ်းဆည်းနိုင်သည်။

ဝါစိုက်ပျိုးရာတွင် အပင်ကောင်းစွာဖြစ်ထွန်းကြီးထွားရန် ပြုစုပျိုးထောင်ကြသော်လည်း အပင်အာဟာရလွန်ကဲ၍ အပင်ဟုန်ခြင်းဖြစ်ပေါ်လာပါက အသီးတင်မှုနှုန်း သိသိသာသာလျော့နည်းသွားတတ်သည်။ အပင်အလွန်အမင်းထွားကျိုင်းလာခြင်းသည် အသီးသီးရန်သုံးရမည့် အာဟာရဓာတ်များကို ပင်စည်နှင့်အရွက်များကြီးထွားမှုအတွက်သာ ပိုမိုဖြုန်းတီးပစ်လိုက်သောကြောင့်ဖြစ်သည်။ ဝါစိုက်ပျိုးခြင်း၏ပန်းတိုင်မှာ ဝါသီးများများရရှိပြီး အရည်အသွေးကောင်းမွန်သော ဝါဂွမ်းများခူးဆွတ်ရန်ဖြစ်သည်။ သို့ဖြစ်ပါ၍ အပင်ကို သဘာဝအတိုင်းအကန့်အသတ်မရှိ ထွားကျိုင်းအောင်ပြုစုခြင်းထက် အပင်၏ကြီးထွားမှုကို စနစ်တကျထိန်းချုပ်ပုံသွင်းပြီး အာဟာရဓာတ်များအားလုံး အသီးဆီသို့တိုက်ရိုက်ရောက်ရှိသွားစေရန် ဇီဝကမ္မဗေဒအရပြုစုစီမံခြင်းကပိုမိုအရေးကြီးပြီး ထိရောက်သောအရည်အသွေးမြင့်အထွက်တိုးနည်းလမ်းဖြစ်သည်။

ဝါပင်ပုံသွင်းခြင်း နည်းပညာတစ်ခုဖြစ်သော ကိုင်းဖြတ်ခြင်းသည် တောင်သူတို့၏ အချိန်ကိုက်လုပ်အားနှင့် စနစ်တကျလုပ်ဆောင်ရုံမျှဖြင့် ဝါပိသာချိန်ကို သိသိသာသာတိုးတက်စေမည့်အပြင် ဈေးကောင်းရရှိနိုင်သည့် ဝါဂွမ်းစံချိန်ကောင်းကိုပါ တစ်ပြိုင်နက်ရရှိစေမည့် အလွန်တွက်ခြေကိုက်သော စိုက်ပျိုးရေးနည်းလမ်းကောင်းဖြစ်သည်။ ထို့မျှမက ဖျက်ပိုးအန္တရာယ်ကို သဘာဝအတိုင်း ထက်ဝက်ကျော်လျှော့ချပေးခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာစေကာ တောင်သူတို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝကိုပါ ဘေးကင်းလုံခြုံစေမည်။ သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် ဤနည်းလမ်းကောင်းကို စနစ်တကျအသုံးချခြင်းဖြင့် ဝါအထွက်နှုန်းနှင့်အရည်အသွေး နှစ်ရပ်စလုံးတွင် အောင်မြင်ဖြစ်ထွန်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- CABI. (2024). Integrated pest management and agronomic practices for cotton (Gossypium hirsutum) production. PlantwisePlus Knowledge Bank. doi.org



တရုတ်နိုင်ငံက သန့်ရှင်းသောစွမ်းအင်ကဏ္ဍ ဖော်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးဆောင်ရွက်ထားသည့် နိုင်ငံဖြစ်လာ

ပေကျင်း နိုဝင်ဘာ ၄

တရုတ်နိုင်ငံသည် သန့်ရှင်းသောစွမ်းအင်ကဏ္ဍ ဖော်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးဆောင်ရွက်ထားသည့် နိုင်ငံဖြစ်လာကြောင်း အမေရိကန်နိုင်ငံဝါရှင်တန်ဒီစီတွင် အခြေစိုက်သော ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စောင့်ကြည့် လေ့လာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံထားသော ငွေကြေးပမာဏ၏ထက်ဝက်ခန့်မှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပြီး လက်ရှိတစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တည်ဆောက်နေဆဲသန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုစုစုပေါင်း၏ ၄၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရှပ်ကြွင်းလောင်စာနေရာမှာ သန့်ရှင်းတဲ့ စွမ်းအင်ကဏ္ဍနဲ့ အစားထိုးဖို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေ ထုတ်လုပ်လာကြတယ်။ နိုင်ငံတော်တော်များများမှာ သန့်ရှင်းတဲ့စွမ်းအင်ကို အရှိန်မြှင့်တင်ဆောင်ရွက်လာကြပါတယ်။ ကမ္ဘာ့နိုင်ငံတွေအနက် တရုတ်နိုင်ငံကတော့ သန့်ရှင်းတဲ့ စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံထိရှိပါတယ်။ ဒီပမာဏဟာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍဖော်ဆောင်ဖို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားတဲ့ ငွေကြေးပမာဏစုစုပေါင်းရဲ့ ၄၉ ရာခိုင်နှုန်းဖြစ်ပါတယ်"ဟု ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စောင့်ကြည့် လေ့လာရေးအဖွဲ့မှ သုတေသီ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

အိန္ဒိယနိုင်ငံတွင် နှင်းပြိုကျမှုအတွင်း ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေ

နယူးဒေလီ နိုဝင်ဘာ ၄

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ် ကေဒါတာလ် တောင်ကြားဒေသတွင် နှင်းပြိုကျမှုဖြစ်စဉ်အတွင်း ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။


အဆိုပါ တောင်တက်ခရီးသွားအဖွဲ့သည် အောက်တိုဘာ ၂၉ ရက်တွင် နှင်းပြိုကျမှုဖြင့်ရင်ဆိုင်ခဲ့ရပြီး ခရီးစဉ်စီစဉ်ပေးသည့် အေဂျင်စီထံ အကူအညီတောင်းခံဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း၊ နိုဝင်ဘာ ၁ ရက်တွင် အဆိုပါခရီးစဉ်မှ ဝန်ထမ်းသုံးဦးနှင့် စားဖိုမှူးတစ်ဦးကိုကယ်ဆယ်နိုင်ခဲ့ပြီး တောင်တက်ခရီးသွား ခုနစ်ဦးနှင့် တောင်တက်လမ်းပြတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါပျောက်ဆုံးနေသူများကို ရှာဖွေနိုင်ရေးအတွက် နိုဝင်ဘာ ၂ ရက်တွင် ပြည်နယ်သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့နှင့် နေရူးတောင်တက်ပညာ သင်တန်းကျောင်းမှ တောင်ပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရဟတ်ယာဉ်ဖြင့် ကေဒါတာလ်တောင်ကြားဒေသသို့ သွားရောက်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီ မိနစ် ၃၀ တွင် ရာသီဥတုအခြေအနေကောင်းမွန်လာသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့ရာ ပျောက်ဆုံးနေသူ နှစ်ဦး၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့သော်လည်း ညနေ ၃ နာရီခန့်တွင် ရာသီဥတုဆိုးရွားလာသဖြင့် ထိုနေ့အတွက် ရှာဖွေမှုများကို ထပ်မံရပ်နားခဲ့ရပြီး ယနေ့တွင် ကျန်ရှိနေသည့်ပျောက်ဆုံးသူ ခြောက်ဦးကို ဆက်လက်ရှာဖွေရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

မာလာဝီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး သစ်တောမြေ ၂၇၅၂၈ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့



လီလောင်ဝီ နိုဝင်ဘာ ၄

မာလာဝီနိုင်ငံ မြောက်ပိုင်းရှိ နခါတာပင်လယ်အော်နှင့် မဇင်ဘာဒေသတို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး သစ်တောမြေ ၂၇၅၂၈ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂြိုဟ်တုမှရရှိသော အချက်အလက်များအရ မီးလောင်ကျွမ်းသည့်သစ်တောမြေ ၂၇၅၂၈ ဟက်တာခန့်ရှိပြီး ဒေသဆိုင်ရာ အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ တောမီးအန္တရာယ်ရှိသည့် ဧရိယာအတွင်း နေထိုင်သူ ၉၁၁၃ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

အရေးပေါ် ကယ်ဆယ်ရေး အဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် သစ်တောဧရိယာများအတွင်း မီးလောင်ကျွမ်းမှု ဆက်လက်မပြန့်ပွားစေရေး၊ ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးတို့အတွက် မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများကို ဒေသဆိုင်ရာ အာဏာပိုင်များက အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဖွံ့ဖြိုးဆဲနိုင်ငံများ ဒစ်ဂျစ်တယ်ဆိုင်ရာအသိပညာမှ AI ဆိုင်ရာအသိပညာသို့ အသွင်ပြောင်းခြင်း

လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း အချိန်အတော်ကြာအောင်ပင် ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာကို ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။ တစ်ကမ္ဘာလုံးအပြန်အလှန် ချိတ်ဆက်မှုအားကောင်းလာနေသော စီးပွားရေးစနစ်တွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အစိုးရများသည် အင်တာနက်အသုံးပြုနိုင်မှု၊ ကွန်ပျူတာပညာပေးရေးနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို တိုးချဲ့လုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ သို့သော် ယနေ့အချိန်တွင်မူ ဉာဏ်ရည်တု (Artificial Intelligence – AI) နည်းပညာ၏ လျင်မြန်စွာ ထွန်းကားလာမှုကြောင့် ဒစ်ဂျစ်တယ်စွမ်းရည်ရှိသည်ဟူသော အဓိပ္ပာယ်သတ်မှတ်ချက်မှာ ပြောင်းလဲလျက်ရှိသည်။

စင်စစ်ကွန်ပျူတာကို ကိုင်တွယ်အသုံးပြုတတ်ခြင်း၊ အင်တာနက်တွင် အချက်အလက်ရှာဖွေခြင်း၊ လူမှုကွန်ရက်များကို အသုံးပြုခြင်း သို့မဟုတ် အွန်လိုင်းမှတစ်ဆင့် အစိုးရဝန်ဆောင်မှုများကို ရယူခြင်းတို့သည် ယခုအခါ လုံလောက်မှုမရှိတော့ချေ။ နိုင်ငံသားများအနေဖြင့် ဉာဏ်ရည်တု (AI) မည်သို့အလုပ်လုပ်ပုံ၊ AI မှ ထုတ်လုပ်ပေးသော အချက်အလက်များကို မည်သို့ဆန်းစစ်အကဲဖြတ်ပုံ၊ AI ကို ထိရောက်အကျိုးရှိစွာ မည်သို့အသုံးပြုပုံတို့ကိုသိရှိနားလည်ထားရန်လိုအပ်လာပြီဖြစ်သည်။ အရေးကြီးသည်မှာ AI ကို မည်သည့်အချိန်တွင် မယုံကြည်သင့်ပုံကိုလည်း နားလည်သဘောပေါက်ရန် လိုအပ်လာပြီဖြစ်သည်။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာမှ AI ဆိုင်ရာ အသိပညာ (AI Literacy) သို့ကူးပြောင်းခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးပါသော ဦးစားပေးကိစ္စရပ်တစ်ခုဖြစ်လာနေသည်။

နည်းပညာကို အသုံးပြုခြင်းမှသည် ဉာဏ်ရည်ကို နားလည်သဘောပေါက်ခြင်းဆီသို့

ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုသည် လူတို့ကို ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်စွမ်းရှိစေခဲ့သည်။ AI ဆိုင်ရာ အသိပညာနှင့်ကျွမ်းကျင်မှုသည် ပိုမိုကျယ်ပြန့်သော အရာတစ်ခုဖြစ်သည်။ ၎င်းတွင် AI စနစ်များ၏ စွမ်းဆောင်နိုင်ရည်နှင့်ကန့်သတ်ချက်များကို နားလည်သဘောပေါက်ခြင်းအပြင်၊ အသုံးပြုခြင်းနှင့် ပတ်သက်၍ အချက်အလက်အခြေခံပြီး မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းရှိခြင်းတို့ပါဝင်သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD)နှင့် ဥရောပကော်မရှင်တို့က ၂၀၂၆ ခုနှစ်အတွက် ရေးဆွဲထားသော အဓိကမူဘောင်တစ်ခုတွင် AI Literacy ကို ဤသို့အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ AI Literacy ဆိုသည်မှာ AI စနစ်များကို နားလည်သဘောပေါက်ခြင်း၊ ၎င်းတို့ထုတ်ပေးသော ရလဒ်များကို ဝေဖန်ပိုင်းခြားသုံးသပ်နိုင်ခြင်းနှင့် AI ကို ကျင့်ဝတ်နှင့်အညီ တီထွင်ဖန်တီးမှုရှိစွာ အသုံးပြုနိုင်ခြင်းတို့အတွက် လိုအပ်သော ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် သဘောထားအမြင်များ စုစည်းမှုပင်ဖြစ်သည်။

ဤတွင် Digital Literacy နှင့် AI Literacy တို့၏ ကွာခြားချက်ကို သိရှိနားလည်ထားရန်လိုအပ်သည်။ လူတစ်ဦးသည် စမတ်ဖုန်း သို့မဟုတ် ဆိုရှယ်မီဒီယာပလက်ဖောင်းများကို အသုံးပြုရာတွင် အလွန်ကျွမ်းကျင်ပိုင်နိုင်ကောင်း ပိုင်နိုင်ပါလိမ့်မည်။ သို့သော်လည်း AI မှ ထုတ်ပေးလိုက်သော မမှန်ကန်သည့်အဖြေကို ခွဲခြားသိမြင်နိုင်ခြင်း၊ အယ်လ်ဂိုရီသမ်တစ်ခုတွင် ပါဝင်နေသည့်ဘက်လိုက်မှုများကို ရှာဖွေဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မိမိ၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မည်သို့အသုံးပြုနိုင်သည်ကို နားလည်သဘောပေါက်ခြင်း စသည့် စွမ်းရည်များ ထိုသူတွင်ရှိချင်မှရှိနိုင်မည်။

ထို့ကြောင့် AI Literacy ကို အခြားသော ဒစ်ဂျစ်တယ်ကိရိယာတစ်ခုကို မည်သို့အသုံးပြုရမည်ကို သင်ယူခြင်းမျှသာဟု သဘောမထားသင့်ပေ။ ၎င်းသည် AI ခေတ်ကာလအတွက် လိုအပ်သော ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း (Critical Thinking) လည်း သက်ရောက်မှုရှိနိုင်သည်။ အလုပ်သမားများအနေဖြင့် AI အင်ဂျင်နီယာများဖြစ်လာရန် မလိုအပ်ပေ။ လူအများစုအတွက် အရေးတကြီး လိုအပ်ချက်မှာ လက်တွေ့ကျသော AI နည်းပညာဆိုင်ရာ ဗဟုသုတနှင့်ကျွမ်းကျင်မှု (Practical AI Literacy) ဖြစ်သည်။ ဆိုလိုသည်မှာ AI စနစ်များနှင့် မည်သို့ဆက်သွယ်ဆောင်ရွက်ရမည်။ ၎င်းတို့၏ တုံ့ပြန်ချက်များကို မည်သို့ဆန်းစစ်သုံးသပ်ရမည်နှင့် လုပ်ငန်းခွင်တွင် ၎င်းတို့ကို မည်သို့ဘေးကင်းလုံခြုံစွာ အသုံးပြုရမည်ကို နားလည်သဘောပေါက်ထားခြင်းဖြစ်သည်။ OECD ၏ ၂၀၂၆ ခုနှစ်ထုတ် "AI ခေတ်ကာလအတွင်း လိုအပ်သော ကျွမ်းကျင်မှုများ" (Skills in the AI Age) အစီရင်ခံစာတွင်လည်း အဆင့်မြင့် AI နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများအပြင် AI နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပေးအပ်ခြင်းသည် အရေးကြီးကြောင်း အလေးပေးဖော်ပြထားသည်။



ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ ဤအခြေအနေသည် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးသည်။ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်သော နိုင်ငံများနှင့် AI သုတေသနကဏ္ဍအားလုံးတွင် ချက်ချင်းယှဉ်ပြိုင်ရန် ကြိုးပမ်းမည့်အစား၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် AI နည်းပညာကို လက်ခံကျင့်သုံးပြီး အကျိုးခံစားခွင့် ရရှိနိုင်ရန် လိုအပ်သော လူသားစွမ်းဆောင်ရည်များ တိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သည်။

အခြေခံအုတ်မြစ် ဖြစ်လာရမည့်ပညာရေး

ကျောင်းများနှင့် တက္ကသိုလ်များသည် ဤအသွင်ကူးပြောင်းမှု၏ဗဟိုချက်တွင် ရှိနေသင့်သည်။ အစဉ်အလာ ဒစ်ဂျစ်တယ်ပညာရေးစနစ်တွင် ကျောင်းသားများကို အွန်လိုင်းမှသတင်းအချက်အလက် ရှာဖွေနည်းများကို အဓိကသင်ကြားလေ့ရှိကြသည်။ သို့သော် AI နှင့်ပတ်သက်သော ဗဟုသုတ (AI Literacy) သင်ကြားမှုတွင်မူ သတင်းအချက်အလက်များကို မေးခွန်းထုတ်ခြင်း၊ သတင်းရင်းမြစ်များကို နှိုင်းယှဉ်လေ့လာခြင်း၊ မှားယွင်းသော သတင်းအချက်အလက်များကို ခွဲခြားသိမြင်ခြင်းနှင့် AI ဖန်တီးပေးသော အကြောင်းအရာများ၏ ကန့်သတ်ချက်များကို နားလည်သဘောပေါက်ခြင်းတို့ ပါဝင်သင့်သည်။

ထို့ပြင် ကျောင်းသားများသည် တာဝန်သိစိတ်ဖြင့် AI ကို ညွှန်ကြားအသုံးပြုခြင်း (Responsible Prompting)၊ အချက်အလက်မှန်ကန်မှုစစ်ဆေးခြင်း၊ ဒေတာလုံခြုံရေးနှင့် ကိုယ်ရေးအချက်အလက်ကာကွယ်ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ အသိပညာနှင့် AI ကို ကျင့်ဝတ်နှင့်အညီ အသုံးပြုခြင်း စသည့်လက်တွေ့ကျသော ကျွမ်းကျင်မှုများကို သင်ယူသင့်သည်။ ထို့ပြင် AI ကို တာဝန်ပြီးမြောက်စေရန် လွယ်ကူသော နည်းလမ်းတစ်ခုအဖြစ်သာ အသုံးမပြုဘဲ ပညာရေးအရည်အသွေးမြှင့်တင်ပေးသည့် ကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်စေရန် ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ရယူရန်လိုအပ်သည်။

AI သည် ယုံကြည်လက်ခံဖွယ်ကောင်းသော်လည်း မှားယွင်းသော သတင်းအချက်အလက်များကို ဖန်တီးပေးနိုင်စွမ်းရှိကြောင်း သိရှိနားလည်ထားရန် အထူးအရေးကြီးသည်။ AI ဖန်တီးပေးသော အဖြေကို မျက်ကန်းတစ္ဆေမကြောက် လက်ခံလိုက်သည့် ကျောင်းသားတစ်ဦးသည် အမှန်တကယ် ဗဟုသုတ (Knowledge) ကို ရရှိခြင်းမရှိဘဲ သတင်းအချက်အလက် (Information) ကိုသာ ရရှိသွားနိုင်သည်။

OECD ၏ နောက်ဆုံးထုတ်ပြန်ချက်များက ဤစိုးရိမ်ပူပန်မှုကို ပိုမိုခိုင်မာစေသည်။ AI ၏ လွှမ်းမိုးမှုပိုမိုများပြားလာသော ပတ်ဝန်းကျင်တွင် စာဖတ်ခြင်း၊ အထောက်အထားများကို ဆန်းစစ်လေ့လာခြင်းနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းတို့၏ အရေးပါမှုကို OECD ၏ ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော ရလဒ်သစ်များဆိုင်ရာ ဆွေးနွေးချက်က အလေးပေးဖော်ပြထားသည်။ ထို့ကြောင့် လူငယ်များ AI ကို မှီခိုအားထားတတ်အောင် သင်ကြားပေးခြင်းသည် ရည်မှန်းချက်မဖြစ်သင့်ပေ။ ၎င်းအစား လူငယ်များအနေဖြင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းကို ထိန်းသိမ်းထားပြီး AI နှင့်အတူ ဉာဏ်ရည်ဉာဏ်သွေးရှိရှိ ပူးပေါင်းလုပ်ဆောင်တတ်စေရန် သင်ကြားပေးခြင်းသာဖြစ်သင့်သည်။

စာသင်ခန်းအပြင်ဘက်သို့ AI ဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုပျံ့နှံ့စေခြင်း

ဤအပြောင်းအလဲသည် အလုပ်သမားများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အစိုးရဝန်ထမ်းများနှင့် ရပ်ရွာခေါင်းဆောင်များ ထံသို့လည်းရောက်ရှိရန် လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် စျေးကွက်လေ့လာဆန်းစစ်ခြင်း၊ ဘာသာပြန်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှုပေးခြင်း၊ စာရင်းကိုင်လုပ်ငန်းများတွင် အကူအညီရယူခြင်း၊ ထုတ်ကုန်အသစ်များဖန်တီးခြင်းနှင့် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် စျေးကွက်မြှင့်တင်ခြင်းတို့အတွက် AI ကို အသုံးပြုနိုင်သည်။ တောင်သူလယ်သမားများသည် ရာသီဥတု၊ သီးနှံနှင့် စျေးကွက်ဆိုင်ရာ AI အထောက်အကူပြု အချက်အလက်များမှတစ်ဆင့် အကျိုးကျေးဇူးများရရှိနိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများသည်လည်း အချက်အလက်စီမံခန့်ခွဲမှုနှင့် လူနာဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စေရန် AI အထောက်အကူပြုကိရိယာများကို အသုံးပြုနိုင်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။

⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ။

⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊

⇒ အစားအစာ မပြင်ဆင်မီ၊

⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊

⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊

⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်

⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊

⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊

⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊

⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊

⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊

⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ



ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၄)၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်သူ၏ ဖခင်အမည်မှန်မှာ **ဦးမိုးမင်းမင်းသန်း** ဖြစ်ပါကြောင်း။

ဦးမိုးမင်းမင်းသန်း(၉/ခမစ(နိုင်)၀၁၀၂၅၀)

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ (၅၃)ရပ်ကွက်နေ ဒေါ်ခင်အေးမူ (ဘ) ဦးတင်မောင်(၅/အတန(နိုင်)၀၀၈၆၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-755354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-888504243

နေပြည်တော် Pet Mart

- Cashier / စာရေးမ အမျိုးသမီး (၂) ဦး
- ပညာအရည်အချင်း အထက်တန်းရှိရမည်။
- အသက် (၃၀ မှ ၄၀)
- အလုပ်ချိန် နံနက် ၉ နာရီမှ ည ၇ နာရီအထိ
- နားရက် တစ်ပတ် တစ်ရက်
- Public Holidays ရက်ပိုခံစားခွင့်
- လစာ ၆၆၄၈၀၀ ကျပ်

၃၅ လမ်း၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြား၊

မန္တလေးမြို့။

Viber - 0991025574

Ph - 09740980768

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစစ်ဆေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ နေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၄၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ သီရိလင်္ကာ၊ ဗီယက်နမ်၊ လာအိုနိုင်ငံသားများ ဘုရားဖူးလေ့လာရေး လာရောက်လျက်ရှိ

ညောင်ဦး နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုကာလ ပြည်ပနိုင်ငံသားများနှင့် ပြည်တွင်းဘုရားဖူးများဖြင့် စည်ကားလာလျက်ရှိကာ သီရိလင်္ကာ၊ ဗီယက်နမ်၊ လာအိုနိုင်ငံသားများ ယနေ့တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေ့လာရေးဘုရားဖူးလာရောက်မှု များပြားလျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားဥယျာဉ်ကြားမှု ဦးစီးဌာန ပုဂံရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က ပြောပြ၍ သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ ●

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

အလေးမအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

အဆိုပါအလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူငယ်ရေးရာဝန်ကြီးဌာန

စာမျက်နှာ ၂၃ ကော်လံ ၁ ☆



အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို Naypyitaw State Polytechnic University ရှိ ဘောလုံးကွင်း၊

စာမျက်နှာ ၂၄ ကော်လံ ၁ ◆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၄

ဘိလိယက်နှင့် စနူကာအားကစား အဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး

စာမျက်နှာ ၂၂ ကော်လံ ၁ ❍

မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး တစ်ဦးကို ထိုင်းနိုင်ငံက ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတွင် မူးယစ်ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးကို ထိုင်းနိုင်ငံက ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁-၁-၂၀၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တရားခံနှစ်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅၆ သိန်းကို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ

စာမျက်နှာ ၂၄ ကော်လံ ၁ ❖



ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေး အောင်ဇော်မင်းခန့်ကို လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။